# သခင့်စကား

## The LORD's Word

ဝိညာဉ်ရေး ရာစာစောင်


အကြင်သူသည် ငါ့ကိုငှင်း၊ ငါ့စကားကိုငှင်း ရှက်၏။ လူသားသည် မိမိအဘခမည်းတော်၏ ဘုန်းအာနုဘော်ကိုဆောင်လျက် သန့်ရှင်းသော ကောင်းကင်တမန် အခြွေအရံတို့နှင့် ကြွလာသောအခါ ထိုသူကို ရှက်တော်မူလတ္တံ့။ မာကု ၈း၃၈

အမှတ်စဉ် (၉၉)  နိုဝင်ဘာလ  ၂၀၀၉ ခုနှစ်  ခမ္ဘာဒါန (လစဉ်ပထမ တနင်္ဂနွေနေ့တိုင်း အခမဲ့ဖြန့်ချိသည်)

### အနှစ် – ၂ (ဝင်းမြင့်ဦး)



ရိုးရိုးအတွေးနဲ့ ရိုးရိုးမေးပါရစေ အရှင်၊ ဆန်ကွဲ နဲ့ ဖွဲ ရောပစ်ရိုး ထုံးစံရှိလား။
ဆွမ်းဆန်နဲ့ ကြွက်ချေး ရောချက်ရင် ထမင်းပျက်ရုံဘဲ ရှိမှာပေါ့။
အရှင့် သားသမီးတွေလေ ၊ နာဂစ် လက်ချက်နဲ့ ကြေပျက်ခဲ့ကြပြီ။
ကျန်တဲ့သူတွေကလဲ Living death သာသာပါဘဲ။



သန္ဓာပလ္လင်ထက်က မေတ္တာအရှင် ကရုဏာ သခင်ဟာ
ခုတော့လဲ သူမဟုတ်သလို ဘဲနော်၊
မုန့်ပေးလို့ ချစ်ကြင်နာတယ်ဆိုရင် တုတ်ကျွေးရင်ရော ပြစ်တင်မှာလား ငါ့သား။



မင်း မျက်မှန်နဲ့ ကြည့်ရင်တော့ ဆန်ကွဲ၊ ဖွဲ၊ ဆွမ်းဆန်၊ ကြွက်ချေး စသဖြင့်
လွဲမှားတဲ့ အသိမာနတွေ ကွဲပြားတဲ့ ဝိဝါဒတွေနဲ့
ကရွတ် ကင်းလျှောက် ဆုံးသတ်နိုင်မှာ မဟုတ်ဘူး။
ငါ့အတွက်တော့ – နန်းထိုက်တဲ့ ပန်းမကိုင်ရ လို့ဘဲ မှန်းမှန်း၊
ပိုးထိုးလောက်ကိုက် တောရိုင်းပန်းလို့ဘဲ ပြောပြော အားလုံးဟာ ဘာမှ မခြားပါဘူး၊
ဒါတော့ ဒါပေ့ါအရှင်။ အဓမ္မမှုတွေက ရောင်ဝါထွန်းတောက် ဘဝင်ရောက်နေချိန်
ကိုယ်တော့် သားသမီးတွေက အချိန်မတန်ဘဲ ကြွေလိုကြွေ၊ ပျက်လိုပျက် အခြေမဲ့
အနေခက် ဘဝနဲ့ ဆုပ်စူး၊ စားရူး ဆေးခါးကြီးကို မြိုချနေရတာ
ဒီအတိုင်း လက်ပိုက်ကြည့်နေတော့မှာလား။
ကိုယ်လိုချင်သလို ဇာတ်သိမ်းချင်သပ ဆိုရင် လူတိုင်း ဒါရိုက်တာ လုပ်ကြပေ့ါကွာ၊
ဒီမယ် ငါ့သား၊ ဒီလောကဟာ နိဂုံးမဟုတ်၊ မရဏာ ဟာလဲ အဆုံးမဟုတ်
သော့တံ ပေးထားလျှက်နဲ့ ကိုယ့်နိဂုံး တံခါးကိုမှ ဖွင့်မရဖြစ်ရင် ဘယ်သူ့အလွန်လဲ
ဒံယေလ၊ ရှာဒရက်၊ မေရှက်၊ အဗေဒနေဂေါ တို့ဟာ
ကယ်မယ် ဆိုတာ သိလို့ တစ်ဘက်သတ်အစွဲနဲ့
မီးပုံထဲ ရဲရဲ ဆင်းသွားခဲ့တာ မဟုတ်ဘူး။ ငါ့ကို ချစ်တဲ့ စိတ်နဲ့ ယုံတဲ့ စိတ်ဟာ
ဒင်္ဂါးပြား တစ်ချပ်လို တစ်သားတစ်ကိုယ် တစ်သွေးတစ်ရောင်တည်းဘဲ
ရိုးရိုးလေးဘဲ ပြန်ပြောမယ် ငါလိုချင်တဲ့ အနှစ်က ဒါဘဲလေ ။ ။

---

### ဘုရားပေးသော မိ နှင့် ဘ မလေး (ဂျူလိုင်)

စိတ်နှလုံး ကြွင်းမဲ့ ဘုရားကို ချစ်သော မိ နှင့် ဘ
ပညတ်တရားကို စောင့်ရှောက်သော မိ နှင့် ဘ
သွန်သင်ဆုံးမ လမ်းပြတတ်သော မိ နှင့် ဘ
အားပေးတည်ဆောက် နှစ်သိမ့်ပေးသော မိ နှင့် ဘ
ဘုရားနှင့် နီးကပ်စွာ နေထိုင်နိုင်ဘို့ သွန်သင်ပေးသော မိ နှင့် ဘ
ပေးကမ်းခြင်းစိတ် ချစ်မေတ္တာစိတ် ရှိရန် သင်ကြားပေးသော မိ နှင့် ဘ
သစ္စာ ရှိခြင်း၊ ဖြောင့်မတ်ခြင်း တည်ဆောက်ပေးသော မိ နှင့် ဘ
လေးစားတတ်ခြင်း လက်ခံတတ်ခြင်း အုတ်မြစ်ချ ပေးသော မိ နှင့် ဘ
မှားယွင်းခြင်းနှင့် အားနည်းခြင်းများ နားလည်ပေးသော မိ နှင့် ဘ
ခွင့်လွှတ်ခြင်းနှင့် ကျေးဇူးတင်ကြောင်း ဖွင့်ဟပြောသော မိ နှင့် ဘ
နှုတ်ကပတ်တော် နာယူခြင်းအား ပဲ့ပြင်ပေးသော မိ နှင့် ဘ
သားသမီးများနှင့်အတူ ဆုတောင်းပေးသော မိ နှင့် ဘ
ယုံကြည်ခြင်း၌ ကိုးစားခြင်းဖြင့် သက်သေပြသော မိ နှင့် ဘ
ဘုရားရှင်အား ကြောက်ရွံ့မှုအား သင်ကြားပေးသော မိ နှင့် ဘ
မိဘနှစ်ပါး ကျေးဇူးများအား နှလုံးသားတွင် ကမ္ပည်းတင်၍
ဂုဏ်ပြုပါသည်၊ ကမ္ဘာတည်သရွေ့ ဘုရားရှင်ကောင်းကြီးပေးပါစေ။
(မိခင်၊ ဘခင်များနေ့၌ မိဘနှစ်ပါးနှင့်တကွ၊ အားလုံးသော မိဘများအား ဂုဏ်ပြုလျှက် )

---



### "မေတ္တာ .. မရှိရင်" မင်းထွန်းသက်လွင်

ငွေ ရှိရင် ဘာမဆို ရနိုင်တယ်။ ဂုဏ် ရှိရင် ဘာမဆို ဖြစ်နိုင်တယ်။
ရာထူး ရှိရင် ဘာမဆို လုပ်နိုင်တယ်။ ခန ရှိရင် ဘာမဆို ရင်းနိုင်တယ်။
ဥစ္စာ ရှိရင် ဘာမဆို လဲနိုင်တယ်။ ပညာရှိရင် ဘာမဆို ရှင်းနိုင်တယ်။
ဒါပေမဲ့ အဲ့ဒီလူ ... မေတ္တာ မရှိရင်တော့ ၊ သွားပြီ ... အလကားဘဲ ။ ။

---



### "နေရာစစ်" (ဆိုင်းတောင်)

သခင့် မျက်မှောက်တော်က ၊ သခင့်ကို မြင်ရတဲ့ အခိုက်အတန့်လေးမှာ
လောကထဲ နေရခြင်းဟာ ပြည့်စုံသွားတယ် ၊
ကောင်းကင် နိုင်ငံဟာ ဘယ်လောက် ပြည့်စုံလိုက်မလဲ . . .။
သခင့် မျက်မှောက်တော်မှာ ၊ သခင့်အသံကို ကြားရတဲ့ အခိုက်အတန့်လေးမှာ
လောကရဲ့ အသံတိုင်းဟာ ငြိမ်သက်သွားရတယ်။
ကောင်းကင်နိုင်ငံဟာ ဘယ်လောက် ငြိမ်သက်ခြင်း ရှိလိုက်မလဲ . . .။
သခင်က ပြလာတဲ့အခါ ၊ သခင်က ပြောလာတဲ့အခါ
လောကကြီးက စကားလုံး မဲ့ခဲ့ပြီ။
ကောင်းကင်နိုင်ငံဟာ အစစ်အမှန် တည်လာတယ် . . .။

---



### ကဗျာထဲကအဖေ ကိုးအယ် (ခိအုန်ကုန်း)

အဖေဟာ ကျွန်တော့် အတွက်တော့
ခိုလှုံရာ ရဲတိုက်၊ အသိုက်ကို တည်ဆောက်သူ
နေပူပူထဲက အရိပ် ၊ အဆိပ်ဖြေဆေး တစ်ခု
လုံခြုံရေးမှူး တစ်ဦး ၊ ဆူးကိုထွင်းတဲ့ အပ်
လည်ရှည် ဖိနပ် တစ်ရံ ၊ အမှန်ကန်ဆုံး အဖြေ
အရှည်ဆုံးမြစ် တစ်စင်း ၊ ရန်ပုံခွင်း လက်နက်
အထက်မြက်ဆုံး ဓါး ၊ စပါးကျီ တစ်လုံး
ချေမှုန်းရေး တပ်မှူး ၊ ပွဲသိမ်း ဒူးတစ်ချက်
ရေကို ဆန်တဲ့ တက် ၊ လေကို ဆန်တဲ့ ရွက်။ ။

---



### ပန်းတုံးတိုင်ဆီသို့ Samuel Soe Lwin

ဌာနေကျော်လွှား၊ လူမျိုးခြားတွင် ၊ သာသနာရေးမို့ ပညာရှာ
ပညာရေးက ... ပဓာန ၊ ခက်ခဲမှုက ... သာမည။
ချို့ငဲ့ မှန်ရာ၊ ရင်ဆိုင်နိုင်ခြင်းက ၊ နှစ်သိမ့်ဖြေသာ သခင် လမ်းခင်းပေးလို့ပါ
မြူးတူးပျော်ရွှင် မနေသော်ငြား ၊ စုံလူကား မဟုတ် တာဝန်ရပ်တွေ ရှိလို့ပါ။
ဘုရားမြတ် လိုအင် ဓမ္မပညာသင်ရင်း ၊ ခံယူအသိမှ လက်တွေ့အထိ
ပညာပြည့်စုံ တန်ဆာစုံနောက် ၊ ခန့်အပ်စေရာ "ကျွန်းပ်" သွားရမည်မှန်။
(မှတ်ချက်။ အမှုတော်အတွက် ပြည်ပ၌ ဓမ္မပညာတော်သင် ညီအစ်ကိုများအား ဂုဏ်ပြုရေးဖွဲ့ပါသည်။)

---

### ချစ်သူငယ်ချင်း နန်းရထိုက် (က.န.ခ)

သခင်၌ တည်ကြည်ခြင်း အလိုတော်ကောင်းကြီး ပြည့်စုံပါစေ။ သူငယ်ချင်း ငါနှင့်သတင်း ကြားတော့ အရမ်းပဲ စိတ်မကောင်းမိဘူး။ အားမငယ်ပါနဲ့ သူငယ်ချင်း ဆုတောင်းပါ။ အရာအားလုံးဟာ ဘုရားလက်ထဲ ရှိပါတယ်။ သတိလက်လွှတ် မဖြစ်စေနဲ့။ စိတ်နှလုံး ကောင်းစားအောင်နေပါ။ ကားတိုင်ပေါ်မှာ ခရစ်တော်ရဲ့ ဆင်းရဲခြင်း ဝေဒနာကြားက လူတွေအတွက် မသိလို့ လုပ်မိတာကို ခွင့်လွှတ်ပါ ဆိုတဲ့ ဆုတောင်းခြင်း ပုံသက်သေကို စံနမူနာ ထားပါ။ ငါဒို့က လူတွေဘဲလေ။ ကိုယ့်ဘက် တော့ ကိုယ်ယက် တတ်စမြဲ။ ဘာပဲဖြစ်ဖြစ် ယေရှုကို နှလုံးသားထဲမှာ အသက်ရှင်ခွင့် ပေးရင် စာတန်ရဲ့ နာကျည်းခါးသီးတာတွေ မုန်းတီးတာတွေ အပြစ် ချည်နှောင်တာတွေ မရှိတော့ဘူး။ ဒါဟာ လွတ်မြောက်ခွင့်ရတဲ့ ဘဝတစ်ခုဘဲ။

နာကျည်း ခါးသီးမှုဟာ မုန်းတီးမှု ဖြစ်လာမယ်။ မုန်းတီးမှုကနေ ကလဲ့စားချေလိုမှု ဖြစ်လာပါလိမ့်မယ်။ ကိုယ့်ကို သူများမုန်းရင် ကိုယ်ဘာမှ မဖြစ်ဘူး။ ကိုယ်သူများကို မုန်းရင် ကိုယ့်ရဲ့ စိတ်ဝိညာဉ်ဟာ သိပ်အနာ ဖြစ်တယ်။ အဲဒီ အနာကနေ တစ်ဆင့် စာတန်ရဲ့ ဝင်ပေါက် ဖြစ်လာပြီး ဘုရားသခင်ရဲ့ ကောင်းကြီးမင်္ဂလာကို

The LORD'S Word 1-99

သခင့်စကား ဝိညာဉ်ရေး ရာစာစောင်။ အမှတ်စဉ်၉၉၊ နိုဝင်ဘာလ ၂၀၀၉ ခုနှစ်။ စင်ကာပူနိုင်ငံရှိ မြန်မာတိုင်းရင်းသား ခရစ်ယာန် စာပေဝါသနာရှင်များ ဝိုင်းဝန်းရေးသားပြီး၊ မြန်မာအသင်းတော်များအတွင်း အခမဲ့ ဖြန့်ချိရန် ကန့်သတ် ထုတ်ဝေသည်။ (စက်တင်ဘာလ ၂၀၀၁ ခုနှစ်တွင် စတင်တည်ထောင်သည်)

ဆိုးရွှံ့စေ တယ်။ သူငယ်ချင်း ငါ့ဘဝနဲ့ ရင်းပြီး ပြောပြတာပါ။ ထပ်တူသော ဖြစ်ရပ် မဟုတ်ပေ မဲ့ နင့်ခံစားချက်ကို ငါနားလည်ပါတယ်။ ငါဒီလို တည်ငြိမ်နိုင်အောင် ငါ့ခွန်အားနဲ့ ရပ်တည်ခဲ့တာ မဟုတ်ဘူး။ ဝိညာဉ်တော်ရဲ့ လွတ်ခြင်း အခွင့်ကြောင့်ပဲ ဖြစ်တယ်။ နင့်အတွက် နည်းလမ်းတစ်ခုတော့ ရှိတယ်။ နင် ဆုတောင်းတဲ့အခါ ဘယ်သူ့ကို မကျေနပ်တယ် ဆိုတာရယ်၊ ဘာကြောင့် မကျေနပ်တယ် ဆိုတာရယ်ကို ကိုယ့်အဖေကို တိုင် ပြောသလို ဘုရားသခင်ကို တိုင်ပြောလိုက်ပါ။ နင့်စိတ် ဆန္ဒအတိုင်း ဂလဲ့စား ချေလိုတာတွေ အပြစ်ချည်နှောင်တာတွေနဲ့ လုံးဝ မတုန့်ပြန်ပါနဲ့ သူငယ်ချင်း။ နင်ခံစားရတဲ့ အတိုင်း ဘုရားသခင်ကို တိုင်ပြောလိုက်ပါ။ ငိုချလိုက်ပါ သူငယ်ချင်း။ အိမ်ထောင်ရေး ကျိုန်ခြင်း အမင်္ဂလာဟာ ဒို့တွေ မကြုံချင်ပေမယ့်လည်း



ဘိုးဘေး မိဘတွေရဲ့ အားနည်းချက်ကြောင့်ပဲ ဖြစ်တယ်။ ဒါပေမယ့် ယေရှုကို လက်ခံသူဟာ ထိုကျိန်ခြင်းက လွတ်မြောက်ခွင့်ရှိတယ်။ အဲဒီ လွတ်မြောက်ခြင်းကို နှလုံးသား အကြွင်းမဲ့ အသံထွက် နှုတ်ထွက် ဝန်ခံလိုက်ပါ။ သူငယ်ချင်း ငါ နင့်အတွက် အထူးဆုတောင်း ပေးနေပါတယ်။ ငါ့ဘဝမှာတော့ ဘယ်သူ့ကို မဆို မချစ်နိုင် တော့ပေမယ့် မမုန်းဘူး။ ငါ့ကို မနာလိုသူ၊ ယှဉ်ပြိုင်သူ၊ ကဲ့ရဲ့ရှုတ်ချ ပြစ်တင်သူကို ယေရှုနာမ၌ ကောင်းကြီးပေးပါတယ် သူငယ်ချင်း။ စိတ်နှလုံးဟာ ခပ်သိမ်းသော အရာထက် စဉ်းလဲတယ်လို့ ကျမ်းစာက ပြောတယ်။ ဘုရားသခင်ဟာ တရားသဖြင့် စီရင်တဲ့ ဘုရားသခင် ဖြစ်လို့ သူတစ်ပါးရဲ့ စော်ကားမှုပဲဖြစ်ဖြစ် ကိုယ့်အမှားပဲဖြစ်ဖြစ် ကိုယ်တော်လက်ထဲ အပ်လိုက်ပါ။ နင်လဲ ကျမ်းစာဖတ် ဆုတောင်းပါနော်။ ဘုရားသခင်က နင့်ကို ခွန်အားပေး လမ်းပြမှာပါ။

ဘုရားသခင်က ငါတို့ကို ခွင့်လွှတ်တာထက် ပိုပြီး သူတစ်ပါးကို ခွင့်လွှတ်ဖို့ မတောင်းဆိုပါဘူး။ အရာခပ်သိမ်းဟာ ဘုရားလက်ထဲမှာ ရှိတယ်ဆိုတာ သတိရရင် ဒို့တွေရဲ့ ကြေကွဲ နာကျည်းမှုတွေဟာ မေးမှိန်သွားမှာပါ။ ဒို့တွေ ကြုံရတဲ့ အရာ အားလုံးဟာ ဒို့တွေနဲ့ ထိုက်တန်တဲ့ စုံစမ်းစစ်ဆေးမှုတွေပါ။ ဒို့တွေ မခံနိုင်တဲ့ စုံစမ်းမှုကို ဘုရားသခင်က ခွင့်မပေးပါဘူး။ နင့်ကို အယူခံ စကားနဲ့တော့ မချေပ ချင်ဘူး သူငယ်ချင်း။ ငါကိုယ်ချင်းစာပါတယ်။ ဘုရားသခင်ရဲ့ ခွဲခန့်တဲ့ နေရာမှာ အသုံးခံတဲ့ အောက်ခြေ ငယ်သားကောင်း လုပ်သားတစ်ယောက်အဖြစ် အသက်ရှင်ပါ။ အဖော်မွန် ဟာ ယေရှုပါ သူငယ်ချင်း။ အဲဒီ အဖော်မွန် ယေရှုကြောင့် ငါဒီလို ရပ်တည်နိုင်တာပေါ့။ နင် စိတ်အနာ အတော်လေး လျော့သွားမှာပေါ့။ နင့်ရဲ့ စိတ်အနာကို ယေရှုကို ကုသ ခွင့် ပေးလိုက်ပါ။

ငါတို့ နင်တို့ အရွယ်ဟာ စိတ်ကူးယဉ်တဲ့ အရွယ်ထက် ကျော်လွန်လာခဲ့ ပေမယ့် အဆွေးနှလုံးသားနဲ့ သူမို့ အကြင်နာ လက်တစ်ဖက်ကို ဆုတောင်းမိပါရဲ့။ ဒါလည်း နေရောင်အောက်က အနတ္တပါ သူငယ်ချင်း။ အရာရာကို အလိုတော် ဝန်ခံ ရင်း ကျေးဇူးတော် ချီးမွမ်းလိုက်ပါ။ ကယ်တင်ရှင် စောင့်မပါစေ။ ။

နင့်ရဲ့ ချစ်သူငယ်ချင်း – *နန်း ရထိုက် (က.န.ခ)*

---

## သာယာသောနေ့ (သို့) အပြစ်များကို ဆေးကြောသောနေ့ (မ–ယုံကြည်သူ)

အယောက်စီတိုင်းကို ဘုရားရှင်ကောင်းကြီးပေးပါစေ။ "မ" သက်သေခံ ချင်ပါ တယ်။ ဒီ ခွန်အား ပေးစာ လေးနဲ့ပေါ့။ "မ" ဒီနေ့ပဲ (၇၊၁၂၊၂၀၀၈) ခရစ်တော်ကို ဘုရား ရှေ့ လူရှေ့မှာ ကယ်တင်ပိုင်ရှင်အဖြစ် ဝန်ခံ ရယူလိုက်ပါပြီ။ အတိုင်းအဆ မရှိ ကြည်နူးမိပါတယ်။ မျက်ရည် ကျတဲ့ အထိ ဝမ်းသာရပါတယ်။ "မ" တကိုယ်လုံးမှာ ရှိတဲ့ "မ" ရဲ့ အသွေး အသားထဲကနေ ဝမ်းသာလွန်းလို့ ကြက်သီး ဖြန်းဖြန်းထတဲ့ အထိပါပဲ။ (၇၊၁၂၊၂၀၀၈) နေ့ "မ" အပါအဝင် သားသမီး (၁၃)ယောက်ဟာ ဘုရား သခင်ရဲ့ သား/သမီးအဖြစ် ခံယူတဲ့နေ့လေးပေါ့။ သာယာသောနေ့ ဆိုတဲ့ သီချင်းလေးနဲ့ ရွှင်လန်းစွာ သီချင်းကျူးဆိုနေတဲ့ အသင်းသူ/သားတွေကို ကြည့်ပြီး "မ" ပျော် လိုက်တာ။ သာယာသောနေ့ဆိုတဲ့ အတိုင်း အဲဒီနေ့လေးဟာ ရာသီဥတု သာယာပြီး ဘုရား သခင် "မ" တို့အတွက် ဖန်ဆင်းပေးထားတဲ့ နေ့လေး တစ်ရက် ပေါ့။ "မ" တို့ အတွက်တော့ **Special** နေ့လေး တစ်နေ့ပါပဲ။

သင်းအုပ်ဆရာ၊ လက်ထောက်သင်းအုပ်ဆရာ အပါအဝင် အသင်းသူ၊ အသင်းသား အားလုံးနဲ့ "မ" ကို ညီအစ်မလို ဘုရားသခင်အကြောင်း ဝိုင်းဝန်း သွန်သင် လမ်းပြ ပေးခဲ့တဲ့ အထက်ပါ ဆရာများနှင့်အတူ သူငယ်ချင်း အပေါင်း ကိုလည်း ဒီစာလေး ထဲကနေ ကျေးဇူးအထူး တင်ရှိကြောင်း ပြောပါရစေ။ "မ" ဘဝမှာ ခက်ခဲမှုတွေ အများကြီး ရှိခဲ့ပါတယ်။ အဲဒီ ခက်ခဲမှုတွေကို ရေးချ ပြရရင် စာရွက်လောက်မှာ မဟုတ်ပါဘူး။ အဲဒီ ခက်ခဲမှုတွေထဲက တစ်ခုကို "မ" သက်သေခံချင်ပါတယ်။ "မ" သားလေး အကြောင်းပါ။ သားလေးဟာ ဟို (၇) လသား ကတည်းက အမေနဲ့ ခွဲခွာခဲ့ရတာပါ။ အဖေနဲ့လည်း မနေရ၊ အမေနဲ့လည်း နီးနီး ကပ်ကပ် မနေရတာကြောင့် သာမာန်ကလေး တစ်ယောက်လို မဟုတ်ခဲ့ဘူးပေါ့။ သားလေးဟာ ဆိုးချင်တယ်။ "တံငါနားနီး တံငါ၊ မုဆိုးနားနီး မုဆိုး" ဆိုတဲ့ မြန်မာ စကားပုံအတိုင်း သားလေးဟာ စရိုက်ပေါင်းစုံရှိတဲ့ ကလေးပေါင်းများစွာနဲ့ လက်ပွန်းတတီး ဆော့ကစား လာခဲ့ရာက ရိုင်းစိုင်းတဲ့ စိတ်လေးများ၊ ကြမ်းတမ်းတဲ့ စကားလေးများ ပြောဆိုတတ်လာကြောင်း အမေနဲ့ ညီမလေးတွေက ပြောပြလို့ သိခဲ့ရတယ်။ "မ" စိတ် မချမ်းသာ ခဲ့ပါဘူး။ ကိုယ့်ရင်ခွင်ထဲ ထားပြီး ပြုစုယုယ ပျိုးထောင်ချင် ပေမယ့်လည်း ကိုယ်စီးပွားရှာမှ ဒီမိသားစုရဲ့ ဘဝက အဆင်ပြေမှာဆိုတော့ ကိုယ့်သား အတွက် ပြန်ချင်ပေမဲ့ အခြေအနေတွေကြောင့် မပြန်ဖြစ်ဘဲ စကာ်ပူမှာ နှစ်တွေ ကြာသထက် ကြာခဲ့ပါတယ်။ ဒါပေမဲ့ "မ" ဘုရားသခင်ဆီမှာပဲ ဆုတောင်း ပေးခဲ့ပါတယ်။ "မ"ရဲ့ သားလေးကို ဘုရားရဲ့သား ဖြစ်အောင် ယဉ်ကျေးလိမ္မာတဲ့ သားလေး ဖြစ်စေဖို့ "မ" ရဲ့ သားလေး အစစအရာရာ အားလုံး အဆင်ပြေစေဖို့ အမြဲ ဆုတောင်းပဌနာ ပြုပေးခဲ့တယ်။ ကျေးဇူးတော်ပါပဲ။ သားလေးဟာ အခုဆိုရင် အရမ်းကို ယဉ်ကျေးလိမ္မာ သိတတ်လာတဲ့ သူလေးဖြစ်နေပါပြီ။ ဘုရားကျောင်း ကိုလည်း ဆွေမျိုးများရဲ့ ကူညီ ပံ့ပိုးမှုကြောင့် သားလေး ရောက်ရောက်နေပါပြီ။ ဒါတွေဟာ ဘုရားရဲ့ ကျေးဇူး တွေပါ။ အဲဒီ အခက်အခဲတွေ အဆင်ပြေ ချောမွေ့ပြီး သာယာတဲ့ ခရီးလမ်းကို လျှောက် နိုင်ခဲ့တာဟာ ဘုရားသခင်ရဲ့ ကျေးဇူးတော်ပါပဲ။ "မ" အမြဲ ဆု တောင်းခဲ့ တယ်။ "မ" ဆုတောင်းတိုင်းလည်း ဘုရားသခင် အမြဲပဲ ဖြည့်ဆည်း ပေးခဲ့တယ်။ စာဖတ်သူများကို ခွန်အားပေးချင်ပါတယ်။ အမြဲ ဆုတောင်း မှုကို ပြုပါ။ ဘုရား သခင်ဟာ "မ" တို့ ယုံကြည်သူ အားလုံးအတွက် အသက်ရှင်သော ဘုရားပါ။ "မ" တို့ ယုံကြည်သူ အားလုံးအတွက် အဆင်သင့် ရှိနေပါတယ်လို့။ ။

*မ (ယုံကြည်သူ)*

---

## ခရစ်တော်၌သင်တို့၏အသစ်သောအသက်တာ "Singapore" Mary (မျာပုံ)

ကျမ တို့တွေဟာ အင်္ဂလိပ်အက္ခရာ (၉) လုံးဖြင့် ပေါင်းထားသော စကာ်ပူ နိုင်ငံကို ဘာသာရေး၊ လူမှုရေး၊ စီးပွားရေး အရ ရောက်ရှိနေကြတယ် ဆိုတာကို ၂၀၀၉ ခု၊ ဒုတိယလ **Day off** မှာ သုံးသပ်ခံစားရလို့ ကျမရဲ့ ခံစားချက်ဖြစ်တဲ့ အက္ခရာ (၉)လုံးကို အဓိပ္ပါယ် ဖွင့်ဆိုချက်နှင့် သမ္မာကျမ်းစာကို ချစ်သော ညီအစ်ကို မောင်နှမ များထံ ဝေမျှခံစားလိုက်ပါတယ်။ အဲဒီနေ့မှာ ဖေ်ဂေလိ ခရီးစဉ်နဲ့ စင်ကာပူ ရောက် လာသော ဆရာတစ်ပါး၊ သားသမီးများ ထံ လာလည်သော ဆရာတော်ကြီးတစ်ပါးနဲ့ ကျမ အပါအဝင် မိသားစု စီးပွားရေး အတွက် ရောက်နေကြသော လူတန်းစားသုံးမျိုး စုပေါင်း မိသဟာရ ဝတ်ပြု ခြင်း အစီစဉ်ကို **City Hall** အနီး ပတ်ဝန်းကျင်ရဲ့ တောင်ကုန်း တစ်နေရာမှာ ပြုလုပ်ကြ ပါတယ်။ မယုံကြည်သူ ခရစ်ယာန်ဘာသာကို လေ့လာနေသူ နှစ်ယောက် လည်း အပေါင်း အသင်းများနဲ့ ပါလာပါတယ်။ အစီအစဉ် မစခင်မှာ အိမ်အလုပ်မှာ ပင်ပန်း စိတ်ပျက် နေတဲ့ ညီမတစ်ယောက်ကို အားပေးစကား ပြောဖြစ်ပါတယ်။ အချိန် တိုလေး ဆိုတော့ အားမရပါဘူး။ ဒါပေမဲ့ သူ့ကို ဆုတောင်းပေးခြင်းနဲ့ အမြဲ သတိရ နေမှာပါ။ ဒါကြောင့် ကျမ တို့တွေ ဘယ်လိုနည်းနဲ့ပဲ စင်ကာပူကို ရောက်နေသည် ဖြစ်စေ၊ မိမိ၏ အသက်တာကို ခရစ်တော်နည်းတူ ပုံဆောင်ဖို့လိုပါတယ်။

**(( SINGAPORE နိုင်ငံ ))**

❖**"S" Service-** ကောလောသဲ(၃း၂၂) အစေခံကျွန်တို့ သခင်ဘုရားကို ကြောက်ရွံ့ လျှက် လူတို့ ၏ စိတ်ကိုနူးညွတ်စေသောသူကဲ့သို့ မျက်မှောက်၌သာ နားထောင်သည် မဟုတ်။ စိတ်နှစ်ခွ မရှိပဲ လောကီသခင်၏ စကားကို အရာရာ၌ နားထောင်ကြလော့။

❖**"I"Inservice-** ကောလောသဲ(၃း၂၃) လူ၏ အမှုကိုသာ ဆောင်ရွက်သကဲ့သို့ မဟုတ်၊ သခင်ဘုရား၏ အမှုတော်ကို ဆောင်ရွက်သကဲ့သို့ ပြုလေသမျှ၌ စေတနာ စိတ်နှင့်ပြုကြလော့။

❖**"N"Necessity-** ကောလောသဲ(၃း၂၄) သင်တို့သည် သခင်ခရစ်တော်၏ အစေ ကို ခံကြသည် ဖြစ်၍ အမွေတော်တည်းဟူသော အကျိုးကို ထိုဘုရားသခင်၏ လက်မှ ခံရလိမ့်မည်ဟု သိမှတ်ကြလော့။

❖**"G" Gamble-** ကောလောသဲ(၃း၂၅) မတရားသောအမှုကို ပြုသော သူမည် သည် ကား မိမိပြုသော အမှု၏ အကျိုးအပြစ်ကို ခံရလိမ့်မည်။

❖**"A" Asylum-** ဆာလံ–၂၇း၁(ခ) ထာဝရ ဘုရားသည် ငါ၏ အသက် ခိုလှုံရာ ဖြစ်တော်မူ၏။

❖**"P" Pray-** မဿဲ(၂၁း၂၂) ယုံကြည်ခြင်းပါလျှက် ပဌာနာပြု၍ ဆုတောင်း သမျှတို့ကို သင်တို့သည် ရကြလိမ့်မည်ဟု မိန့်တော်မူ၏။

❖**"O" Offer-** လုကာ(၂၃း၄၆) ယေရှုသည်လည်း ကြီးသောအသံနှင့် ကြွေးကြော်ပြီး လျှင် အိုအဖ အကျွန်ုပ် စိတ်ဝိညာဉ်ကို ကိုယ်တော်လက်၌ အကျွန်ုပ် အပ်ပါ၏ဟု မိန့် တော် မူ လျှက် အသက်ချုပ်တော်မူ၏။



*သခင့်စကား ဝိညာဉ်ရေး ရာစာစောင်။ အမှတ်စဉ် ၉၉၊ နိုဝင်ဘာလ ၂၀၀၉ ခုနှစ်။ စင်ကာပူနိုင်ငံရှိ မြန်မာတိုင်း ရင်းသား ခရစ်ယာန် စာပေဝါသနာ ရှင်များ ဝိုင်းဝန်းရေး သားပြီး၊ မြန်မာအသင်းတော်များ အတွင်း အခမဲ့ ဖြန့်ချိရန် ကန့်သတ် ထုတ်ဝေသည်။ (စက်တင်ဘာလ ၂၀၀၁ ခုနှစ် တွင် စတင် တည်ထောင်သည်)*

❖**“R” Respiration**-ရောမ–ဖိး၁၃(ခ) သေခြင်းမှထမြောက်၍ အသက်ရှင်သော သူကဲ့ သို့ ဘုရားသခင်အား ကိုယ့်ကိုကိုယ် ဆက်ကပ်ကြလော့။

❖**“E”Existence**-မဿဲ–၂၈း၂၀(ခ) ငါသည်လည်း ကပ်ကမ္ဘာကုန်သည့်တိုင်အောင် သင်တို့နှင့်အတူ အစဉ်မပြတ် ရှိသည်ဟု တပည့်တော်တို့အား မိန့်တော်မူ၏။

နိဂုံးချုပ်အနေဖြင့် ကျမတို့ရဲ့ ခရစ်ယာန်အသက်တာကို **Singapore** အားဖြင့် သတိရပါ။



– ခရစ်တော်ကဲ့သို့ အစေခံပါ။
– ခရစ်တော်ကဲ့သို့ ဆက်လက်အမှုတော်ထမ်းဆောင်ပါ။
– ခရစ်တော်ထံမှ လိုအပ်ချက်များ ရယူပါ။
– ခရစ်တော် မကြိုက်သော မကောင်းမှု ဒုစရိုက်များကို ရှောင်ကျဉ်ပါ။
– ခရစ်တော်ကိုသာ အားကိုးခိုလှုံပါ။
– ခရစ်တော်ထံမှာ လိုသောဆုကို တောင်းပါ။
– ခရစ်တော်ကဲ့သို့ ပေးလှူဆက်ကပ်ပါ။
– ခရစ်တော်ကဲ့သို့ ဂုဏ်တီတည်ပါ။ ။ **Mary** (ဖျာပုံ)

---



## သက်သေခံချက် *(ယောဟန်)*

ရှေးဦးစွာ ဘုရားသခင်ရဲ့ ကျေးဇူးတော်ကို ချီးမွမ်းပါတယ်။ ကျွန်တော့် နာမည် ယောဟန်ပါ။ ကျွန်တော် စင်္ကာပူကို (၆–၈–၂၀၀၈) နေ့က ရောက်ပါတယ်။ အလုပ် လာရှာတာ ဖြစ်ပါတယ်။ ဒီစာရေးရခြင်း အကြောင်းကတော့ ကျွန်တော့် ဘဝမှာ ဘုရားသခင် ကောင်းကြီးပေးခြင်း၊ ကျွန်တော်၌ ဘုရားသခင် ကြီးသော အမှု ပြုခဲ့တဲ့ အကြောင်း သက်သေခံချင်လို့ပါ။

အရင်ဦးဆုံး သက်သေခံရရင် ကျွန်တော် ဒီစင်္ကာပူကို ခုလိုလာနိုင်ဖို့ လွန်ခဲ့တဲ့ (၁) နှစ်ခွဲလောက်က စပြီး ဆုတောင်းခဲ့ပါတယ်။ ဘုရားသခင်ထံ စပြီး ဆုတောင်း ဆက်ကပ် ခဲ့ပါတယ်။ ဒီကိုလဲ လာဖို့ မြန်မာပြည်မှာ သင်တန်းတက်တာ **Document** ပိုင်း ပြင်ဆင်တာတွေ၊ ငွေရေးကြေးရေးတွေက အစ ဘုရားသခင် အားလုံး အကောင်းဆုံး ပြင်ဆင် ပေးခဲ့ပါတယ်။ ဒီကို မလာခင်ကလည်း အိမ်ကို ရွာမ နှစ်ခြင်းအသင်းတော်မှ ဆရာ များကို ပင့်ဖိတ်ပြီး ဆုတောင်းပွဲလုပ်ခဲ့ပါတယ်။ နောက်ပြီး ရွှေဘိုခရိုင်၊ ခင်ဦး မြို့နယ်မှ ဆရာတို့ ထံမှလဲ ဆုတောင်းခံခဲ့ပါတယ်။ နောက် ညီအစ်ကို များ အသင်း တော်ရဲ့ ရှေ့ထွက်ဆုတောင်းခံတဲ့ အစီစဉ်မှာလည်း ပါဝင်ခဲ့ပါတယ်။ ပြောချင်တာက ကျွန်တော် ဒီကိုမလာခင်မှာ ဘုရားသခင်ထံမှာ ဆက်ကပ်ပြီးမှ ထွက်လာခဲ့ပါတယ်။ ဘယ်လို ဆက်ကပ်လည်းဆိုတော့ “ဘုရားရှင် ကျွန်တော် စင်္ကာပူမှာ အေးဂျင့်နဲ့ မချိတ်ပဲ အလုပ် ရခဲ့ရင်၊ ဘုရားသခင်ကို ဆယ်ဖို့နှစ်ဖို့ကို ပေးလှူ ပါ့မယ်လို့” ဂတိပြု ဆုတောင်း ဆက်ကပ်ခဲ့ပါတယ်။

ဒါနဲ့ စင်္ကာပူရောက်လို့ နောက်နေ့ကစပြီး အလုပ်တွေ စလျှောက်ရတယ်။ အလုပ်တွေ လျှောက်ပေမဲ့ (၃)ပတ်၊ (၄)ပတ် လောက်ထိ အင်တာဗျူးလည်းမရ၊ အဆက် အသွယ်လည်း မရတော့ လူအနေနဲ့ အကြီးအကျယ် စိတ်ညစ်ခဲ့ရပါတယ်။ ဘုရားသခင်ကိုလည်း မေးခွန်းတွေ အမျိုးမျိုးမေးမိပါတယ်။ စိတ်ဓါတ်ကျပြီး နေ့စဉ် နေ့တိုင်း လူမသိအောင် မျက်ရည်ကျလျက် ဆုတောင်းခဲ့ရပါတယ်။ ကြေကွဲသော နှလုံးသားနဲ့ ဘုရားကို ခေါ်ပြီး ဘုရားနဲ့ အမြဲတမ်း စကားပြောနေမိပါတယ်။

ဒါနဲ့ (၄) ပတ်ကျော်လာတဲ့အခါ **Site Supervisor** အလုပ်တစ်ခု **interview** အောင်ပြီး **S’pass** လျှောက်ပေးမဲ့ အဆင့်ထိ ရောက်ခဲ့ပါတယ်။ ကျွန်တော့်ရဲ့ **Data** တွေလည်းယူသွားပြီး **S’pass** လျှောက်ပေးမယ်ဆိုပြီး တစ်ပါတ်ကျော် လောက်ထိ မလျှောက်ပေးပဲ ထားခဲ့တယ်။ ဒါနဲ့အဲဒီအလုပ်က ရပြီးမှ ကျွန်တော့်ကို ပြန်ပြီး **cancel** လုပ်လိုက်တယ်။ ကျွန်တော်လည်း ပို ပိုပြီး စိတ်ဓါတ်ကျ၊ စိတ်ညစ်ခဲ့မိတယ်။ ဘုရားသခင်ထံ မျက်ရည် ကျလျှက် ဒူးထောက်ဆုတောင်းရင်းနဲ့ နောက်ဆုံး အချိန်ထိ ဆုတောင်းဆက်ကပ် ခဲ့ပါတယ်။ လူ့အနေနဲ့ ကြည့်ရင် လုံးဝမျှော်လင့်ချက် မရှိတော့တဲ့အချိန်၊ အိမ်ပြန်မဲ့ ရက်ကို ရေတွက်ရင်း ကိုယ့်ကိုကိုယ်လဲ အားငယ်ဝမ်းနည်းမှုတွေ များများ လာခဲ့တယ်။ ကျွန်တော် ဘဝရဲ့ မျှော်လင့်ချက်မဲ့နေသော နောက်ဆုံးမှာ ဘုရားရှင်က သူ့ကို အပေါ်ယံ ယုံခြင်းမျိုး မဟုတ်ပဲ တကယ့် အတွင်း နှလုံးသားမှ ဖြစ်ပေါ်လာတဲ့ ယုံကြည်ခြင်းမျိုးကို ကျွန်တော့်ကို စစ်ယူပြီး ဘုရားရဲ့ စစ်မှန်တဲ့ အဖြေကို ကျွန်တော် တွေ့ရှိခံစားခဲ့ရပါတယ်။

ကျွန်တော် ပြန်ဖို့ရာ (၁၀)ရက် အလိုလောက်မှာ **AutoCAD** နဲ့ အင်တာဗျူး တစ်ခု ရခဲ့ပါတယ်။ **On line** က တင်တဲ့ အလုပ်တစ်ခု ဖြစ်ပါတယ်။ ဒါပေမယ့် အဲဒါက စင်္ကာပူ အေးဂျင့်ဖြစ်နေတယ်။ အဲဒီ အေးဂျင့်က အလုပ်ရရင် တစ်လစာ ပေးရမယ်လို့ ပြောပါတယ်။ ကျွန်တော်လည်း အလုပ်ရရင်ပြီးရော ဆိုပြီး လတ်မှတ် ထိုးခဲ့ပါတယ်။ ဒါနဲ့ နောက်နေ့မှာ အလုပ်ရှင်နဲ့ **interview** ခွင့်ရခဲ့ပါတယ်။ **Japan Company** ဖြစ်ပါတယ်။ ကျွန်တော်လည်း အလုပ်ရှင်နဲ့ တွေ့တဲ့ အခါ ဘုရားရှင်ရဲ့ ဖွင့်ပြချက်ကြောင့် “ကျွန်တော် ဒီလာတဲ့ အခါ ယေရှုနာမကြောင့် ခင်ဗျားတို့ ရှေ့မှာ ရောက်နေတဲ့ အကြောင်း အလုပ်ရ သွားရင် အေးဂျင့်ခ တစ်လစာ ပေးရမည် ဖြစ်ကြောင်း” ကျွန်တော် အလုပ်ရှင်ကို ပြောခဲ့ပါတယ်။ ဒီလိုနဲ့ ကျွန်တော့်ကို အေးဂျင့်က တစ်ဆင့် ပြန်ဆက်သွယ်မယ် ဆိုပြီး ပြန်လွှတ်လိုက်ပါတယ်။ ကျွန်တော်လည်း စိတ်ညစ်သွားခဲ့တယ်။ ဒါပေမယ့် ကျွန်တော် ကိုးကွယ်တဲ့ ဘုရားဟာ အရာခပ်သိမ်းကို တတ်စွမ်းနိုင်တယ်။ ဘုရားရှင် မတတ်နိုင်တာ မရှိဘူးဆိုတဲ့ ယုံကြည်ချက်နဲ့ ဆုတောင်း ဆက်ကပ်ခဲ့တယ်။ ဒါနဲ့ နောက် တစ်ရက်လောက်ကြာတော့ **Second interview** ထပ်ဖြေခွင့် ရတယ်။ ကျေးဇူးတော်ကြောင့်ပဲ အဲဒီ **Second interview** မှာ မေးသော မေးခွန်း၊ လက်တွေ့ဆွဲခိုင်းတဲ့ အရာကို ဘုရား ကျေးဇူးတော်ကြောင့် သတ်မှတ် ထားတဲ့ အချိန်အတွင်း ပြီးခဲ့ပါတယ်။ ဒါနဲ့နောက် အေးဂျင့်နဲ့ ပြန်ဆက်သွယ်မယ်ဆိုပြီး ပြန်လွှတ်ခဲ့ပါတယ်။ ဒီတစ်ခေါက်လည်း ကျွန်တော် စိတ်အနေနဲ့ကြည့်ရင် မရတော့ဘူး ထင်ခဲ့တယ်။ ဒါပေမယ့် နောက်တစ်နေ့မှာ ကျွန်တော့်ကို အေးဂျင့်က တစ်ဆင့် ဆက်သွယ်လာတယ်။ ကျွန်တော့်ကို အလုပ်ခန့်လိုက်တဲ့ အကြောင်း ကြားရပါတယ်။ ဘုရားကျေးဇူးတော် အလွန်ပဲ ချီးမွမ်းပါတယ်။ ဘုရားရှင် တကယ်ပဲ ကောင်းမြတ်တယ်။ ကျွန်တော်လည်း ကျေးဇူးတော် ချီးမွမ်းရင်း ဆုတောင်းရင်း မျက်ရည် ကျမိပါတယ်။ ဘုရားရှင် ကျွန်တော့်ရဲ့ ဆုတောင်းသံကို အဖြေပေးပြီ။ ဘုရားရှင်ရဲ့ ဘုန်းတော် သာ၍ကြီးမားပါစေ။ ဒီလိုနဲ့ အလုပ်ရှင်ချိန်းတဲ့ နေ့မှာ ရုံးကို သွားခဲ့တယ်။ ကျွန်တော့်ကို အလုပ်ခန့်တဲ့ စာနှင့်တကွ လတ်မှတ်ထိုးရတယ်။ ကုမ္ပဏီရဲ့ စည်းမျဉ်း စည်းကမ်းရှိတဲ့ ခန့်စာပေ့ါ။ ကျွန်တော့်ကို **S$ 1900** ခန့်တဲ့ စာ တွေ့တော့ ဘုရားရဲ့ ကျေးဇူးတော်ကို အရမ်းပဲ ချီးမွမ်းမိပါတယ်။ ကျွန်တော် တောင်းတဲ့ လစာက **S$ 1800** ပါ။ ဒါပေမယ့် ဘုရားရှင်က ကျွန်တော် တောင်းတဲ့ လစာထက် ပိုပြီးတော့ ပေးခဲ့ပါတယ်။ နောက်ပြီး လတ်မှတ်ထိုးပြီး ရုံးက အပြန်လမ်း မှာ ကျွန်တော့်ကို ချိတ်ပေးသော အေးဂျင့်ကို ဖုန်းဆက်ပါတယ်။ အကြောင်းက ကျွန်တော် အေးဂျင့်ခ ကို ဘယ်လိုပေးရမလဲလို့ မေးတာပါ။ ဒါပေမယ့် ဘုရားရှင် ပြင်ဆင်ပေးမှုကြောင့် အေးဂျင့်က အေးဂျင့်ခ ပေးစရာ မလိုတော့ကြောင်း ပြောပါ တယ်။ ကျွန်တော် တကယ်ပဲ ဘုရားကျေးဇူးတော် ချီးမွမ်းမိပါတယ်။ ကျွန်တော့် ဘဝမှာ ဘုရားရှင် တကယ် ကောင်းမြတ်ကြောင်း သက်သေကို လက်တွေ့ ခံစားရပါတယ်။

ကျွန်တော် အခုအလုပ်ကို **October (1)** ရက်နေ့က စပြီး အလုပ်လုပ် နေရပါပြီ။ အလုပ်ထဲမှာလည်း ကျွန်တော့်အထက်က လူကြီးတွေ သူဌေး တွေက ကျွန်တော့် အပေါ် အရမ်းကောင်းပါတယ်။ မေတ္တာဖြင့် ရုံးပိုင်း ဆိုင်ရာတွေ အားလုံး သင်ကြားပေးပါတယ်။ **Computer** နဲ့ပတ်သတ်ပြီး အခြားသော **Software** ပိုင်း တွေကိုလည်း တိုး၍ လေ့လာခွင့် ရခဲ့ပါတယ်။ ဘုရား ရှင် တကယ် ကောင်းမြတ်ပါတယ်။ ကျွန်တော့် ဘဝမှာတွေ့ခဲ့ရသော ဒီအဖြစ် အပျက်တွေအားဖြင့် ကျွန်တော် ဘုရားရှင်ကိုပါ ပိုင်ဆိုင်ခွင့် ရရှိလိုက်ပါတယ်။ ဘုရားနဲ့ ပို၍ တိုး၍ နီးခွင့်ရပါတယ်။

ဒါကြောင့် ချစ်သော ညီအစ်ကို မောင်နှမတို့ ကျွန်တော် ပြောချင်တာက “မိမိ ဘဝမှာ မျှော်လင့်ချက် မရှိတော့ဘူးလို့ ထင်ထားတဲ့ အချိန် ဝမ်းနည်းမှုများနဲ့ မျက်ရည်တွေ ကျနေတဲ့ အချိန်မှာ ဘုရားကို သတိရ အမြဲတမ်း ဆုတောင်းပါ။ အဲဒီ ဝမ်းနည်းမှု ကြေကွဲမှုတွေရဲ့ နောက်မှာ ဘုရားရှင် ရှိတယ်ဆိုတာ မိတ်ဆွေရဲ့ ဘဝမှာ လက်တွေ့ခံစားလာရမှာ ဖြစ်ပါတယ်။ ဘုရားကို အပေါ်ယံ ယုံကြည်ခြင်းမျိုးမဟုတ်ပဲ မိမိရဲ့ အတွင်းနှလုံးသားမှ နေပြီး ဘုရားရှင်ကို စကားပြော ခေါ်ဖိတ် ဆုတောင်းမယ်ဆိုရင် မိတ်ဆွေရဲ့ ဘဝမှာ အမှန်တကယ် ဘုရားရှင်ရဲ့ ကောင်းမြတ်ခြင်းများကို လက်တွေ့ခံစားလာရမှာ ဖြစ်ကြောင်း ကျွန်တော်ခံစားရတဲ့ အဖြစ်အပျက်အားဖြင့် သက်သေခံ ဝေမျှလိုက်ပါတယ်။ ။ *ယောဟန် (ယုံကြည်သူတစ်ဦး)*

---

## သံသယစိတ်ကင်းဝေးစေဖို့

“Hallelujah”ရှေးဦးစွာ ဘုရားသခင်၏ နာမကို ချီးမွမ်းပါသည်။ သမီးက ယုံကြည်သူ ယုံကြည်သူတစ်ယောက် မဟုတ်ပါ။ သို့သော် ဘုရားသခင်အား ကယ်တင်ရှင် အဖြစ် ယုံကြည်ပါသည်။ ဘုရားသခင်အား ယုံကြည်လျက်နှင့် တစ်ဖက်က ဘိုးဘွား စဉ်ဆက် ကိုးကွယ်ခဲ့သော ဘာသာတရားကိုလည်း မစွန့်လွှတ် နိုင်ခဲ့ပါ။ သမီးရဲ့ ဆုတောင်းသံကို ဘုရားသခင် ကြားကြောင်း သိပါသည်။ လုပ်သင့် မလုပ်သင့် မသိ ပေမဲ့ တစ်ခါတစ်လေ စမ်းသပ်၍ ဘုရားသခင်ထံ ဆုတောင်းမိပါသည်။ သမီး တောင်းသမျှ ဆုသည်လည်း ပြည့်ဝခဲ့သည်။ သမီး ဘာသာ ထံလည်း သမီး ဆုတောင်း ကြည့်သည်။ တောင်းဆုသည် ပြည့်နေပြန်သည်။ သို့ဖြစ်ပါ၍ ဘုရားသခင်အား ကယ်တင်ရှင်အဖြစ် အကြွင်းမဲ့ ယုံကြည်သလို သမီး ဘာသာကိုလည်း မစွန့်လွှတ်နိုင်ခြင်း ဖြစ်ပါသည်။ ထိုသို့ဆိုသော် ငါ့ကို ယုံကြည်သော သူသည် ငါမှတစ်ခြား



*သခင့်စကား ဝိညာဉ်ရေး ရာစာစောင်။ အမှတ်စဉ် ၉၉၊ နိုဝင်ဘာလ ၂၀၀၉ ခုနှစ်။ စင်ကာပူနိုင်ငံရှိ မြန်မာတိုင်းရင်းသား ခရစ်ယာန် စာပေဝါသနာရှင်များ ဝိုင်းဝန်းရေးသားပြီး၊ မြန်မာအသင်းတော်များအတွင်း အခမဲ့ ဖြန့်ချိရန် ကန့်သတ် ထုတ်ဝေသည်။ (စက်တင်ဘာလ ၂၀၀၁ ခုနှစ်တွင် စတင်တည်ထောင်သည်)*

ကိုးကွယ် ရာမရှိ ဆိုသော ကျမ်းစာနဲ့ မကိုက်ညီ သဖြင့် သမီးအား ယုံကြည်သူအဖြစ် သခင် လက်ခံနိုင်ပါ့မလား။ သမီးမှာ ဘာသာ နှစ်ခု ကိုးကွယ်ခွင့်ရှိပါသလား ဆိုတာကို တွေးပြီး သမီးရဲ့ ညတွေကို အိပ်ပျက် စေပါ၍ ကျမ်းစာနယ်ပယ်တွင် ကျွမ်းကျင်သော ဆရာ၊ ဆရာမများ သမီး သံသယ စိတ် ကင်းဝေးစေဖို့ ဖြေပေးပါရန် မေတ္တာ ရပ်ခံပါသည်။ ။ ROCK & FRIENDS (ခေတ္တ စကာ်ပူ)

---



## ဘုရားကျောင်းသွားရအောင် *နီနီခိုင်*

လူတိုင်းဟာ **Sunday** ဆိုရင် ခရစ်ယာန်တွေ ဘုရားကျောင်း တက်တယ်လို့ မြင်ကြပါတယ်။ ဘာကြောင့် **Sunday** မှာမှ ဘုရားကျောင်း ရွေးတက်ပြီး အခြားနေ့မှာ မတက်ရပါသလဲဆိုတာ စဉ်းစားမိပါသလား။ သခင်ဘုရား (သခင်ယေရှု) ဟာ မြတ်သော သောကြာနေ့မှာ အသေခံခဲ့ကာ **Sunday** မှာ ထမြောက်ပြီး ဒီကနေ့ အထိ အသက်ရှင်နေတဲ့အတွက် ၂၅ဒီဇင်ဘာမှာ မွေးနေ့အမြဲ ကျင်းပပေးပြီး အသက် ရှင်နေသော ဘုရားလို့ လူတိုင်း လက်ခံတဲ့အတွက် **Sunday** မှာကိုးကွယ်ဝတ်ပြု ကြခြင်းဖြစ်ပါတယ်။

ထာဝရဘုရားသည် ငါတို့ကို ဖန်ဆင်းတော်မူ၍ ငါတို့၏အရှင် ဖြစ်တော်မူ၏။ ငါတို့သည်လည်း ဘုရားသခင်၏လူဖြစ်ကြ၏။ အထံ တော်၌ ကျက်စားသော သိုးစု လည်းဖြစ်ကြ၏။ (ဆာ ၁၀၀း၃)။ ဘုရားသခင်ဟာ ကျွန်မတို့ လူသား အားလုံးကို ဖန်ဆင်းတယ်။ သူ့စကား နားမ ထောင်ပဲ အပြစ်သားဘဝ ရောက် နေတဲ့ ကျွန်မတို့ကို သခင်ယေရှုရဲ့ ကယ်တင်ခြင်းကို လက်ခံစေပြီး၊ ဘုရား သခင်ရဲ့လူ ပြန်လည်ဖြစ်စေပြီး၊ ဘုရား သခင်ဟာ ကျွန်မတို့ရဲ့အရှင် သိုးထိန်းရဲ့ လက်အောက် စုစုရုံးရုံးနေရန် ဖြစ်ပြီး သိုးရဲ့ သဘောသဘာဝဟာ ဘာအန္တရာယ် ကိုမျှ မသိပဲ သူ့ရဲ့ရှေ့ တည့်တည့် တစ်တောင်အထိပဲမြင်တယ်ဆိုတော့ သိုးထိန်းရဲ့ အသံကို ရင်းနှီး ကျွမ်းဝင်နေမှာပါ။ ကျွန်မတို့လည်း ဒီကနေ့ အထံတော်၌ ကျက်စားသော သိုးစု များဟာ ဘုရားကျောင်းကို သွားရခြင်းဟာ (၁) ဘုရားသခင်ကို ကိုးကွယ် ရန်၊ ချီးမွမ်းရန်၊ (၂) ဘုရားသခင်ရဲ့ အသံတော် (စကား)ကို ကြားရန်၊ အချင်းချင်း မိတ်သဟာရ ဖွဲ့ခြင်းအားဖြင့် လူတစ်ဦးနဲ့တစ်ဦး ဝိညာဉ် ဆုကျေးဇူးများ မတူညီ သောကြောင့် သန့်ရှင်းသော ဝိညာဉ်တော် ဖွင့်ပြတာမတူမှုကြောင့် တစ်ဦးနှင့် တစ်ဦး ဖလှယ်ရန် ဘုရားကျောင်းသို့သွားရခြင်းဖြစ်ပါတယ်။

ဘုရားကျောင်းကို ဘယ်လိုသွားရောက် ကိုးကွယ် ရမလဲဆိုရင် နှုတ်ကပါတ်တော်က (ယော ၄း၂၄)။ နာမ်ဝိညာဉ်ဟာ ကိုင်လို့ မြင်လို့မရပဲ ရှိတယ် ဆိုတာကိုသိပြီး ယုံလို့ရပါတယ်။ တူညီတဲ့အရာက ဘုရားသခင်ရဲ့ နာမ် ဝိညာဉ်နဲ့ ကျွန်မတို့ရဲ့ နာမ် ဝိညာဉ်နဲ့ အစဉ်မပြတ် ကိုးကွယ်ဝတ်ပြုရန် လိုအပ် ပါသည်။ ကျွန်မတို့ ကိုးကွယ်ခြင်းဟာ ဘုရားဆီကို ဘယ်လိုပုံစံမျိုးနဲ့ သွားသင့် သလဲဆိုတော့ နှုတ်ကပတ်တော်က ဖော်ပြထားပါတယ်။ (ဆာ ၄၂း၁–၂)။ ဤကျမ်းစာအားဖြင့် ကျွန်မတို့နဲ့ တူညီတဲ့အရာဟာ ဝိညာဉ်ဖြစ်တဲ့အတွက် အသက်ရှင်တဲ့ဘုရားကို တမ်းတပြီး နာမ်ဝိညာဉ်နဲ့ လိုချင်တောင့်တသောစိတ်ဖြင့် ကိုးကွယ်ရမှာဖြစ်ပါတယ်။

ဘုရားသခင်ဟာ နေရာတိုင်းမှာရှိလို့ ဘုရားကျောင်း မလာလည်း ရပါတယ်။ ကျမ်းစာထဲက နိကောဒင် ဆိုရင် လူတိုင်းသိပါတယ်။ သူဟာ ကျမ်းတတ် ပုဂ္ဂိုလ် ဖာရိရှဲ(ဓမ္မဆရာ)ဖြစ်ပါတယ်။ သူဟာသခင်ယေရှုရဲ့ တရားဒေသနာကို ကြားပြီး သခင်ယေရှု ဘာပြောသလဲဆိုတာကို မသိအောင် ဝိညာဉ်နားကို စာတန်ပိတ်ထားသောကြောင့် လုံးဝနားမလည်ပါဘူး။ ညအချိန်မှာရွေးပြီး သခင်ယေရှုဆီ သွားပါတယ်။ နေ့ခင်းမှာတော့ သိက္ခာကျမှာစိုး၍ မမေးပဲ ညဘက်မှာသွား၍မေးတဲ့ အခါ သခင်က ဒုတိယ မွေးခြင်း မခံသောသူဟာ ဘုရားသခင် နိုင်ငံတော် မမြင်ရ၊ လို့ပြောခဲ့တာကို သူနားမလည်ပါဘူး။ အသက်ကြီးမှ အမေ့ဝမ်းထဲသို့ တဖန်ဝင်၍ မွေးနိုင်သလားလို့ မေးပါတယ်။ သခင်ယေရှုက မြင်နေရတဲ့ခန္ဓာကိုယ်ဟာ ဇာတိပကတိနဲ့ မွေးခြင်းဖြစ်ပြီး ဒုတိယမွေးခြင်းဟာ ခရစ်တော်အားဖြင့် ဝိညာဉ်တော်၌ မွေးခြင်း ဖြစ်ကြောင်းကိုပြောပြပြီး သင်ဟာဓမ္မဆရာဖြစ်ပြီး ဒီအနက် အဓိပ္ပာယ်တောင် မသိဘူးတဲ့လား။ နိကောဒင်ဟာ ကျမ်းစာကို ကျေညက်အောင် နားလည်ပေမယ့် ဒီအနက်အဓိပ္ပာယ်ကို မသိတော့ ကျမ်းစာတစ်လုံးမှ မဖတ်ဘူးတဲ့ သင်နှင့် ကျွန်မကို စာတန်က အပျင်းပြေ စစ်တုရင် ကစားတဲ့ အရုပ်ကလေးလို ဆော့ကစားမှာတော့ သေချာပါတယ်။

(တ ၈း၂၇–၃၁)။ အဲသယောပိ အမတ်ဟာ ဘုရား ဝတ်၌ အားကြီးသောသူဖြစ်ပြီး လမ်းသွားရင်တောင် ကျမ်းစာဖတ် နေတာကို တွေ့ရပါတယ်။ သူဖတ်နေတဲ့ ဟေရှာယရဲ့ အနက်အဓိပ္ပာယ်ကို ဘုရားသခင်က သိစေလို၍ သန့်ရှင်းသောဝိညာဉ် တော်ဟာ ဖိလိပ္ပုကို သွေးဆောင်လို့ ဖိလိပ္ပုဟာ ရထားအနားသွားပြီး ယခု ဖတ်နေတဲ့ကျမ်းစာကို နားလည်လားလို့မေးတော့ အမတ်က လာမရှုပ်နဲ့ ငါကျမ်းစာဖတ်နေတာလို့ မဖြေပဲ သွန်သင်ပဲ့ပြင်သောသူ မရှိလျှင် အဘယ်သို့နားလည်နိုင်မည်နည်း လို့ လိုလားစွာ ပြန်ဖြေခဲ့ပါတယ်။ သန့်ရှင်းသောဝိညာဉ်တော်က အပြန် အလှန် သွေးဆောင်ခြင်းဖြစ်ပါတယ်။ ကျမ်းစာကို ဖတ်နေပေမယ့် အဓိပ္ပာယ်ကို နားမလည်နိုင်ပါဘူး။ နှုတ်ကပါတ် တော်ကို အမြဲလေ့လာနေကြသော ကိုယ့်ထက် ဝိညာဉ်ရေးရာ ရင့်ကျက်သူများနှင့် ပေါင်းသင်းရန် ဘုရားကျောင်းသို့ လာရောက်ပြီး မတရား သောသူတို့၏ တိုက်တွန်းခြင်း၊ လူဆိုးတို့၏ လမ်းတွင် မရပ် မနေပဲ၊ မတရားသောသူတို့ရဲ့ အစည်းအဝေး၌ မထိုင်မိရန် အချင်းချင်း ဘုရား ကျောင်း သို့သွေးဆောင်ရန်၊ တိုက်တွန်းရန် လိုအပ်ပါသည်။

စာတန်ဟာ ကျွန်မတို့ ဘုရားနဲ့ ဝေးသထက် ဝေးလာအောင် ကျွန်မတို့ရဲ့ ဇာတိ၊ စိတ်ဝင်စားမှုများနဲ့ ခြိုခို၍ တိုက်ခိုက်လျှက်ရှိပါတယ်။ အဲသယောပိ အမတ်ဟာ ခရစ်တော်ပြုခဲ့တဲ့ ကယ်တင်ခြင်းကို ကြားပြီးသောအခါ တွင်ယုံ၍ ရေရှိတဲ့နေရာမှာ ခရစ်တော်၌ ဒုတိယအကြိမ် မွေးဖွားပြီး ရေ၌ ဗတ္တိဇံ မင်္ဂလာကို ခံယူခဲ့ပါတယ်။ ယုံကြည်ခြင်းရဲ့ သင်္ကေတအမှတ်အသား တစ်ခုပါပဲ။ ဘုရားသခင်ကို နာမ် ဝိညာဉ်နဲ့ ကိုးကွယ်ပြီး သစ္စာရှိရန် အရေးကြီးပါတယ်။ ယုံကြည်ခြင်း ပြီးသွားရင် နောက်ဆက်တွဲက ဘာလဲလို့ နှုတ်ကပါတ်တော်မှာ ပြောထား တာကတော့ (ယာ ၂း၂၀) "အကျင့်နှင့် ကင်းသော ယုံကြည်ခြင်းဟာ အသေတဲ့"။

၂ကော ၅း၁၇ ။ ခရစ်တော်၌ အသစ်ဖြစ်ရန် မိမိ၌အရင်က မကောင်းခဲ့သော အကျင့် စရိုက်များကို ပြောင်းလဲပြီး ကောင်းသော အကျင့်ကို လိုက်လုပ်ရန်လိုအပ်ပါသည်။ ဒီကနေ့ ဘုရားသခင်က အရေအတွက်ထက် အရည် အချင်းကို ကြည့်တဲ့ ဘုရား ဖြစ်တယ်။ ဘုရားက လူ့ရဲ့စိတ်နှလုံးကိုသာကြည့်သောကြောင့် (ဆာ ၃၃း၁၅)။ ဒီကနေ့ ဘုရားသခင်ဟာ ကျွန်မတို့ကို စိတ်ကြိုက် အသက်ရှင်ခွင့်ပေး၍ ကြိုက်သလို အသက်ရှင် ခိုင်းပါတယ်။ ကိုယ် အလိုရှိရာလမ်းနှင့် ကိုယ်ဥာဏ် ပြသောလမ်းသို့ လိုက်လော့ သို့ရာတွင် ထို အမှု အလုံးစုံ တို့ကို ဘုရားသခင်စစ်ကြော၍ သင်တို့ကို အပြစ်ပေးတော်မူမည်ဟု အောက်မေ့ကြ လော့။ ကျွန်မတို့ရွေးချယ်တဲ့လမ်းရဲ့အပေါ်မှာ အပြစ်ဒဏ် နဲ့ ဆုလဒ် ဆိုတာကို ခွဲခြား ပေးထားတယ်ဆိုတာကိုလည်း မေ့ထားလို့ မရပါဘူး။ ကျွန်မတို့အချင်းချင်း ဘုရားကျောင်းသွားရအောင်လို့ သူငယ်ချင်းကို ခေါ်ဆောင် နိုင်သူများ ဖြစ်နိုင်ကြပါစေ။ ။ *မာရာနသာ နီနီခိုင်*

---



## သို့ အဖေနှင့်အမေ Samuel Soe Lwin

အဖေနှင့်အမေ သားရှိသေစွာ စာရေးလိုက်ပါတယ်။ အကြောင်း ထူးထူး ထွေထွေ မရှိပေမယ့် သား စာရေးရတဲ့ အကြောင်းရင်းက သားအတွက် အားလုံးက စိတ်ပူနေမှာစိုးလို့ပါ။ လူမှန်ရင်တော့ ဒုက္ခတော့ရှိကြစမြဲပါ။ သားလည်း လူထဲကလူမို့ အခက်အခဲတော့ရှိပါတယ်။ ဒါပေမယ့် ဒီအခက်အခဲတွေထဲမှာ ဘုရားရှင်ရဲ့ ဖေးကူတဲ့ လက်မြတ်မဟာကို သာ၍မြင်တွေ့ရပါတယ်။ သားကို ခရစ်ယာန် ယုံကြည်သူဖြစ်စက အဖေအမေတို့အိမ်က နှင်ထုတ်တဲ့အချိန်မှာ "တနေ့မှာ သားဘာကြောင့် ခရစ်ယာန် ဖြစ်ရသလဲ ဆိုတာ အဖေနဲ့အမေ နားလည် လာကြမှာပါ" ဆိုတဲ့စကားကို အခု အဖေနဲ့ အမေတို့သိလာကြတဲ့အတွက် သား အရမ်း ဝမ်းသာပါတယ်။ အဖေနဲ့အမေ သား **B.th** ပြီးလို့ အိမ်ကိုပြန်လာတဲ့အခါမှာ အားလုံးက မေးတဲ့စကားတစ်ခွန်းကို သား ဘယ်တော့မှ မေ့မှာမဟုတ်ပါဘူး။ "ငါ့တူ၊ ငါ့မောင်၊ ငါ့မြေးရယ် မင်း ကို (၄)နှစ်လုံးလုံး **B.th** ပြီးဖို့ ဘယ်သူက ထောက်ပံ့ သလဲ၊ ဘယ်အဖွဲ့အစည်းက ကူညီသလဲ ဆိုတဲ့စကားကို သားက တစ်ရွာနဲ့ တစ်ယောက် ဖြစ်ပေမယ့် အသက်ရှင်တဲ့ ဘုရားအားကိုးနဲ့ လက်မထောင်ပြီး "အသက် ရှင်တော်မူတဲ့ဘုရားက သားရဲ့ **sponsor** ပါလို့ဖြေတော့ အားလုံးက ကြက်သေ သေနေပြီး ဘယ်လိုလဲဆိုတဲ့ သဘောနဲ့ မေးတော့ သား အခက်အခဲ ရောက်တဲ့အခါမှာ နေ့ပွဲ ညစာစားခြင်းကို ပယ်ယုံသာ ဥပုသ် စောင့် ယုံမနေ ညနေစာပါ ရှောင်၍ ဥပုသ်စောင့်ခဲ့ရတဲ့အကြောင်းနှင့် အံ့သြဘွယ်ရာ ဘုရားရှင်ရဲ့ အဖြေပေးမှုများကို ပြန်ပြောပြတော့ သြော် ငါ့သား ဒါမှဘုရားအစစ် ဆိုတဲ့ အဖေအမေရဲ့စကားတွေကို ပြန်ကြားယောင်လေတိုင်း အဖေအမေတို့ ဘုရားရဲ့ ကောင်းကြောင်းသက်သက်ကို သိယုံသာမက သားကဲ့သို့ ယုံကြည်သူများ ဖြစ်လာဖို့ ပိုပြီးဆုတောင်းပေးနေမိတယ် အဖေနဲ့အမေရယ်။

ထပ်ပြီး သား အဖေနဲ့ အမေတို့ကို မှာချင်တာက "ငါ့သားရယ် တကယ်လို့များ တိုင်းတပါး ကျမ်းစာကျောင်း တက်ချိန်မှာ အခက်အခဲကြုံခဲ့ရင် ကျိတ်ပြီးတော့ ဒုက္ခ မခံပါနဲ့၊ အမေတို့ကိုပြောပါ တတ်နိုင်သလောက် အမေတို့လည်းပို့ပေးမယ်" ဆိုတဲ့ စကားအတွက် အစက သားကို မိသားစုဝင်မှ ပယ်ခဲ့ပေမယ့် အခုလို ကူညီမယ်ကြားတော့ သားဘုရားရှင်ကို ပိုပြီးချီးမွမ်းမိတယ်။ အမေတို့ မေတ္တာနဲ့စေတနာကို သား နားလည်ပါတယ်အမေ။ ဒါပေမယ့် အမေတို့ကို သားပြောခဲ့တဲ့အတိုင်း ယနေ့အချိန်ထိ သားရဲ့လိုအပ်ချက်တွေ ခရစ်တော်ဘုရားက အစဉ်ဖေးကူ မစမြဲပါ အဖေနဲ့


*သခင့်စကား* ဝိညာဉ်ရေးရာစာစောင်။ အမှတ်စဉ် ၉၉၊ နိုဝင်ဘာလ ၂၀၀၉ ခုနှစ်။ စင်ကာပူနိုင်ငံရှိ မြန်မာတိုင်းရင်းသား ခရစ်ယာန်စာပေဝါသနာရှင်များ ဝိုင်းဝန်းရေးသားပြီး၊ မြန်မာအသင်းတော်များအတွင်း အခမဲ့ ဖြန့်ချိရန် ကန့်သတ် ထုတ်ဝေသည်။ (စက်တင်ဘာလ ၂၀၀၁ ခုနှစ်တွင် စတင်တည်ထောင်သည်)

အမေ။ အဖေနဲ့မေ့မှာ သားအတွက်ဆန္ဒရှိပေမယ့် ခရီးမိုင်များစွာ ကွာခြားမှုနှင့် အကြောင်း အမျိုးမျိုးတို့ကြောင့် အမေတို့ ဆန္ဒရှိသည့်အလျောက် မစွမ်းဆောင်နိုင်ပေမယ့် ခရစ်တော် ဘုရားအတွက်တော့ သားရဲ့ဘဝမှာ နေရာ၊ အချိန် နှင့် အခြေအနေတို့က လည်း မဟန့်တားနိုင်ပါဘူး သားကို ဖေးကူ မစ နေဆဲပါ အဖေနဲ့အမေ။

**B.th** ပြီးတော့ "သားရယ် ဘယ်နှစ်နှစ်တောင် ဆက်ပြီး အခြားတိုင်းတစ်ပါးမှာ ကျမ်းစာကျောင်းကို ဆက်တက်မှာလဲ၊ ပြီးရင် ပြန်လာပါ။ သားရဲ့ညီ၊ ညီမလေး၊ တူ၊ တူမလေးတွေကိုလည်း သင်ကြားပြောပြပေးပါ။" ဆိုတဲ့ အမေ့ရဲ့ အမှာစကားနဲ့ ဦးလေးဘကြီးနဲ့ အဒေါ်တို့ရဲ့ "ငါတို့ကိုလည်း ဘယ်လို ဆုတောင်းရမယ်ဆိုတာ သင်ပေးပါဦး" ဆိုတဲ့ စကားတွေဟာ သားဘယ်လိုမှ မမေ့နိုင်တဲ့ အရာတွေပါ။ အမေရယ် သားပြောခဲ့တဲ့ (၄)နှစ်ဆိုတာ အဲဒီတုန်းက "သားရယ် (၄)နှစ်ကြီးများတောင်" ဆိုတာ အခုတော့ပြည့်တော့မှာပါ။ နောက်ပြီး အမေနဲ့ ဘကြီး၊ ဘလေးနှင့် အဒေါ်၊ အဖိုး၊ အဖွားတို့ ပြောခဲ့တဲ့အတိုင်း သားပြန်လာခဲ့ မှာပါ အမေ။ အနေဝေးပြီး ဓမ္မပညာကို သားသင်ရပေမယ့် သားရဲ့ဆန္ဒနဲ့ အာရုံတို့က သားတို့ မိသားစု အားလုံးနှင့် ဆွေမျိုးများ အတူတကွ အသက်ရှင်တော်မူတဲ့ ဘုရားကို အတူကိုးကွယ်မည့်နေ့ကို သားအရမ်း မြင်ချင်လှတယ်။ အခုဆိုရင် သားရဲ့ **Sponsor** ရဲ့ဖေးမ ကူညီမှုတွေကလည်း ပြောပြရန် သားမှာ အပြည့်ရှိပါတယ်။ ကာယအသွေးအသားနဲ့ ဆက်သွယ်၍ ဖြစ်တည်လာတဲ့ အဖေ အမေနှင့် ညီအစ်ကိုမောင်နှမအားလုံးကိုလည်း ဝိညာဉ်ရေးရာ၌လည်း ဘုရားရဲ့ အနွယ် တော်ဝင်တွေဖြစ်လိုလှတယ်။ အမေနှင့်အဖေ တိုင်းတပါးမှာ လူချင်းက မတူ၊ ယဉ်ကျေးမှုက တခြား၊ အစားအသောက်က မတူ၊ စကားက ကွဲပြား စတဲ့ အရာတွေ သား ကြုံဆုံရင်ဆိုင်ရပေမယ့် သားစိတ်ဓာတ် မကျပါဘူး အမေ။ ကျန်းမာရေး ကောင်းပေမယ့် ကျန်းမာရေးက အားလုံးကို မပေးနိုင်ပါဘူး။ ငွေကြေး ရှိရင်လည်း ငွေကြေးက အားလုံးကို မဖြေရှင်းနိုင်ပါဘူး။ လောကီအရာတွေ အားလုံးက ဒီလိုအတိုင်း အတိုင်းအတာ တစ်ခုကို ဖြေရှင်းနိုင်ပေမယ့် အားလုံးကို မကာကွယ် နိုင်ပါဘူး။ ဒါပေမယ့် သားရဲ့ ယေရှုခရစ်တော်က သားအတွက် ငွေကြေး ဆိုလည်းဟုတ်၊ ကျန်းမာရေး ဆိုလည်း မမှား၊ အပေါင်းအသင်းကောင်း ဆိုလည်း မပို၊ အရှင်သခင်ဆိုလည်း မလွဲ၊ သားဘဝအတွက် အားလုံးက ယေရှုခရစ် ပါဘဲ အဖေနဲ့ အမေ။

"ငါ့သားက သူများ ခါးတိုင်း မခါးလိုက်ပါနဲ့၊ ချိုလား ခါးလား မြည်းကြည့်ပြီးမှ ပြော၊ ဆိုတော့ ငါ့သားရဲ့ ယေရှုက ချိုတယ်ပေါ့" လို့အမေနှင့် အားလုံးက သားကို ရွဲ့ကာ ပြောပေမယ့် အခုတော့ အဖေနဲ့အမေတို့ "ယေရှုက သူများပြောသလို မခါးကြောင်း" ကိုသိရုံ သာမက မြည်းစမ်းရုံသာမက ဆက်လက်ပြီး ယုံကြည်ခြင်း ဖြင့် ကိုင်ဆွဲပါလို့ သားမှာကြားပါရစေ။ အဖေအမေတို့နှင့် (၄)နှစ် ခွဲခွာကာ နေရတာကို အမေနှင့် သားတို့ ဒီလောက်လွမ်းကြရတယ်ဆိုရင် ထာဝရ ခွဲခွာခြင်း ဆိုတဲ့ တမလွန်ဟာ တွေးကြည့်ပါတော့ အဖေနဲ့အမေရယ်။ "ထာဝရ ဘုရားသည် ကောင်းမြတ်တော်မူသည့် အကြောင်းကို မြည်းစမ်း၍ သိမှတ်ကြလော့။ ကိုယ်တော်ကို ခိုလှုံသောသူသည် မင်္ဂလာရှိ၏။" (ဆာ ၃၄း၈) ဆိုတဲ့စကားကို အဖေ အမေတို့ နှုတ်မှဟစ်အော်ကြွေးကြော်နိုင်ဖို့ ခရစ်တော်ဘုရား၌ နေ့စဉ် ဆုတောင်းလျှက် ... ။

ချစ်သောသားမောင် **SAMUEL SOE LWIN**

---




## ကျေးဇူးတင်ပါသည် *နော်မူး* **(Naw Moo)**

ရှေးဦးစွာ အဖဘုရားသခင်ကို ကျေးဇူးတင်ပါသည်။ ကျွန်မ နိုဝင်ဘာလနဲ့ ဒီဇင်ဘာလထဲမှာ နေလို့ သိပ်မကောင်းဘူး။ အစာ စားချင်တဲ့ စိတ်မရှိဘူး။ စားပြန်တော့လဲ အသက်ရှူလို့ အဆင်မပြေ ပြန်ဘူး။ ဒီလိုနဲ့ ကြိတ်မှိတ်နေလာခဲ့တာ ဒီဇင်ဘာလ ၂၆ ရက်နေ့ မနက်ကစပြီး အလုပ်လုပ်တာ ချွေးတွေ ပြန်လာပြီး မူးလာပါတယ်။ မျက်စိလဲ ကြည့်ရတာ ကောင်းကောင်း မထင်ရ မမြင်ရ၊ နားထဲမှာ လဲ ပိတ်နေသလို ကြားတစ်ချက် မကြားတစ်ချက်နဲ့ လူက လုပ်ရမဲ့ အလုပ်တွေ ရှိလို့ အားတင်းထားပြီး လုပ်နေပေမဲ့ ဘာအလုပ် လုပ်မိမှန်း မသိ၊ စိတ်ထဲမှာလဲ ဆုတောင်းမိပါတယ်။ ပါးစပ်ကနေလဲ အဖ ဘုရားသခင် သမီးကို ကယ်ပါ။ သမီးဒီလို ခံစားနေရတာ အဖဘုရားသခင် တစ်ပါးဘဲ သိတာ သမီးဘယ်လို လုပ်ရမလဲ၊ ပြီးသင့်တဲ့ အလုပ်တွေကို သတိထားပြီး လုပ်ရင်းနဲ့ ကပျာကယာ ရေချိုးပြီး ခနလှဲလိုက်ပါတယ်။ ၂၇ ရက်နေ့မှာတော့ ကျွန်မ နေမကောင်းကြောင်း ဆရာမကို ဖွင့်ပြောပြီး ကျွန်မ မြန်မာပြည် ပြန်ချင်တယ်လို့ ပြောတော့ နင်မပြန်ရဘူး၊ ဆေးခန်းသွားပြလို့ ပြောတော့ ဆရာဝန်မက **High Pressure** တဲ့။ အဲဒါနဲ့ သောက်ဆေးပေးလိုက်ပါတယ်။ အခု စာရေးတဲ့ အချိန်မှာ နေကောင်းကျန်းမာသွားပါပြီ။ ကျွန်မ နေကောင်း ကျန်းမာအောင် ကောင်းကြီးပေးတဲ့ ဘုရားသခင်ကို အထူး ကျေးဇူး တင်ပါတယ်။ အိမ်ဘေးနားက ကျွန်မကို ကူညီပေးတဲ့ အိမ်ရှင်တွေကို ကျေးဇူး တင်ပါတယ်။ ကျွန်မရဲ့ အိမ်ရှင် ဆရာနဲ့ ဆရာမကိုလဲ ကျေးဇူးတင်ပါတယ်။ ဆုတောင်းပေးတဲ့ အသိ မိတ်ဆွေတွေ အားလုံးကိုလဲ ကျေးဇူးတင်ပါတယ်။ စေတနာ မေတ္တာဖြင့် သခင့်စကားစာစောင်ကို လစဉ် ပထမ အပါတ်တိုင်း အခမဲ့ ပေးတဲ့ စာရေးဆရာ အယ်ဒီတာနဲ့ ကူညီပါဝင် လက်ဆင့်ကမ်းတဲ့ သူအားလုံးကို ကျေးဇူး တင်ပါတယ်။ အသင်းတော်များမှ ဆရာ၊ ဆရာမကြီးများနှင့် အားလုံးကို ကျေးဇူး တင်ပါကြောင်း ...။

---


## လူဝင်စားခြင်း (ဘာသာပြန်) *လှမင်းဆွေ*

**Dr. Ian Stevenson** သည် ပြန်လည်ဝင်စားခြင်း **(Reincarnation)** ကို သုတေသန ပြုခဲ့သည်။ ၄င်း၏ သက်သေတွေထဲမှ တစ်ခု ကို ဖော်ပြရလျှင် အိန္ဒိယ လူငယ် တစ်ဦးသည် ကလေးအရွယ်၌ကပင် သူသည် ယခင်ဘဝက **Maha Ram** ဆိုသူဖြစ်ကြောင်းနှင့် အနီးကပ် သေနတ်ပစ် ခံရ၍ သေခဲ့ရကြောင်း ပြောပြလေ့ရှိသည်။ ၄င်း၏ ရင်ဘတ်၌ မွေးရာပါ အမှတ် အသား ပါရှိပြီး ထို အမှတ်အသားများ၏ ပုံစံသည် **Maha Ram** ဘဝက ရရှိခဲ့သော သေနတ် ဒဏ်ရာ နှင့် တစ်ထေရာတည်း တူညီသည်ကို တွေ့ရှိရလေသည်။


အောက်ပါပုံများကို ကြည့်ပါ။

ပုံ(၁)။ ။ မွေးရာပါအမှတ်အသား

ပုံ(၂)။ **Maha Ram** ဘဝ၌ သေနတ်ဒဏ်ရာ ကို **Autopsy Report** မှ ရေးဆွဲထားပုံ။။



ပုံ-၁



ပုံ-၂

ယုံကြည်သူ မောင်နှမများ ခင်ဗျား။ ထို အကြောင်းအရာကြောင့် တွေဝေပြီး ရှုပ်ထွေးသွားပါသလား။ ကျမ်းစာက ပြန်လည်ဝင်စားခြင်း **(Reincarnation)** အကြောင်း ဖော်ပြပါသလော။ ယခုဘဝ သည်သာ တစ်ခုတည်း ဖြစ်ကြောင်းကို ဘယ်လိုသိနိုင်မည်နည်း။ ၄င်းအဖြေကို ဖြေရလျှင် ကျမ်းစာ၌ ပြန်လည်ဝင်စားခြင်းကို မဖော်ပြသည့်အပြင် ၄င်းနှင့် ဆန့်ကျင်ဘက်ကိုပင် ရေးသားထားလေသည်။

"လူသည် တစ်ခါတည်း သေ၍ ထိုနောက်မှ တရားစီရင်တော်မူခြင်းကို ခံရသကဲ့သို့ – ဟေဗြဲ ၉း၂၇"။ ဘုရားသခင်သည် အဘယ့်ကြောင့် ပြန်လည်ဝင်စားခြင်းကို ခွင့်မပြုပါသနည်း။ ပြန်လည် ဝင်စားခြင်း ဆိုသည့် အတွေးအခေါ်သည် အမှားအယွင်း ရှိလေသည်။ တစ်စုံ တစ်ယောက် သောသူသည် ပြန်လည်ဝင်စားခြင်းအားဖြင့် တစ်ဘဝထက် တစ်ဘဝ ပိုမို ကောင်းမွန်လာလျှက် လုံလောက်သော ဘဝ အရေအတွက် ရှိလာလျှင် နောက်ဆုံး၌ နိဗ္ဗာန်သို့ရောက်မည်ဟု ယူဆသည်။ ထိုသို့သော အယူအဆသည် အဘယ့်ကြောင့် အမှားအယွင်း ရှိပါသနည်း။ အဘယ်ကြောင့် ဆိုသော် လူသား မျိုးရိုး၏ အပြစ်များဖြင့် ပြည့်နှက်နေခြင်း **(Sinfulness of man)** ကို ထည့်သွင်း မစဉ်းစား ခြင်း ကြောင့် ဖြစ်သည်။ ကျမ်းစာက ပြောသည်မှာ "စိတ်နှလုံး သည် ခပ်သိမ်းသော အရာထက် စဉ်းလဲတတ် ၏။" ယေ(၁၇း၉)။ ကျမ်းစာကပင် "အကြောင်းမူကား လူ အပေါင်းတို့သည် ဒုစရိုက်မှုကို ပြု၍ ဘုရားသခင့် ရှေ့တော် ၌ အသရေ ပျက်ကြပြီ။" ရောမ (၃း၂၃) ဟူ၍ ၄င်း၊ "ငါတို့ရှိသမျှသည် သိုးကဲ့သို့ လမ်းလွဲလျှက် ကိုယ့်လမ်းသို့ အသီး သီး လိုက်သွားကြသည် ဖြစ်၍" ဟေရှာယ(၅၃း၆) ဟူ၍ ၄င်း၊ "ကောင်းသောအကျင့်ကို ကျင့်သောသူ မရှိ၊ တစ်ယောက်မျှ မရှိ" ဆာလံ (၅၃း၃) ဟူ၍၄င်း၊ "အပြစ်မပါဘဲ ကောင်းသော အကျင့်ကို ကျင့်သော သူတော် ကောင်း တစ်စုံ တစ်ယောက်မျှ မြေကြီးပေါ်မှာ မရှိ။"ဒေသနာ (၇း၂၀) ဟူ၍၄င်း၊ လူသားတို့သည် မည်ကဲ့သို့မျှ ပြည့်စုံမှု မရှိကြောင်း ကို ဖော်ပြထားလေသည်။ ထို့ကြောင့်ပင်လျှင် နောက်တစ်ဖန် လူဝင်စား၍ ကောင်း အောင် ကြိုးစားခြင်း မှာလည်း အချီးနှီးပင် ဖြစ်သည်။ တစ်ဘဝနှင့် တစ်ဘဝ မတူ အောင် ပိုမို ကောင်းမွန်အောင် ကြိုးစား ပေသော်လည်း သိပ်မထူး မခြားနားလှ။ ပထမ ဘဝ ကလည်း ဘုရားကို ဆန့်ကျင်သော အပြစ်သား၊ နောက်တစ်ဖန် ဘဝ အသစ်ဖြင့် ခန္ဓာ အသစ် ဖြစ်သော်လည်း၊ ဘုရားအား ဆန့်ကျင်အံ့မည်ဆိုလျှင် အပြစ်သား လူသည် ဒုံရင်းမှ ဒုံရင်းပင်။ ဤစက်ဝိုင်း သံသရာမှ မည်သည့် အကျိုးများ ရရှိနိုင်မည် မဟုတ်ပါ။ ကွန်ုပ်တို့သည် အပြစ်သားများ ဖြစ်သောကြောင့် အပြစ်ခွင့်လွှတ်ခြင်းကို လိုအပ်လေသည်။ ဘုရားကို ကျောခိုင်း ထွက်ခွာခဲ့သောကြောင့် ဘုရား ထံသို့ နောင်တ ဖြင့် ပြန်လည် ချဉ်းကပ်ရန် လိုပေသည်။ ထိုအချက်သည် ကျမ်းစာမှ တစိုက်မတ်မတ် ဖော်ပြချက် ဖြစ်သည်။

ဘုရားသခင်က ပြောသည်မှာ သူ့ထံသို့ နောင်တဖြင့် ပြန်လာ၍ သူ့အား ရှာဖွေ စေလိုသည်။ ထိုကဲ့သို့ နောင်တဖြင့် ပြန်လည်ရှာဖွေလျှင် ယခုလက်ရှိဘဝ၌ပင် အပြစ်ခွင့်လွှတ်ခြင်းကို ခံရ၍ ကောင်းကင်ဗိမ္မာန်ကို ရောက်ရှိနိုင်ပါသည်။ ကျမ်းစာက ပြန်လည်ဝင်စားခြင်းကို ဆန့်ကျင်သော်လည်း ပြန်လည်ရှင်သန် ထမြောက်ခြင်း၊ **(Resurrection)** ကိုမူ ထောက်ခံထားလေသည်။ "ဤအမှုအရာကို အံ့ဩခြင်း မရှိကြနှင့်။ သချိုင်းများမှာ ရှိသောသူအပေါင်းတို့သည် သားတော်၏ အသံကို ကြား၍



*သခင့်စကား ဝိညာဉ်ရေးရာစာစောင်။ အမှတ်စဉ် ၉၉၊ နိုဝင်ဘာလ ၂၀၀၉ ခုနှစ်။ စင်ကာပူနိုင်ငံရှိ မြန်မာတိုင်းရင်းသား ခရစ်ယာန်စာပေဝါသနာရှင်များ ဝိုင်းဝန်းရေးသားပြီး၊ မြန်မာအသင်းတော်များအတွင်း အခမဲ့ ဖြန့်ချိရန် ကန့်သတ် ထုတ်ဝေသည်။ (စက်တင်ဘာလ ၂၀၀၁ ခုနှစ်တွင် စတင်တည်ထောင်သည်)*

ထွက်ရမည့် အချိန်ကာလ ရောက်လတ္တံ့။ ကောင်းသောအကျင့်ကို ကျင့်သော သူတို့သည် အသက်ရှင်ရာ ထမြောက်ခြင်းသို့၄င်း၊ ဆိုးယုတ်သော အကျင့်ကို ကျင့်သော သူတို့သည် အပြစ် စီရင်ရာ ထမြောက်ခြင်းသို့၄င်း၊ ထွက်ရကြလတ္တံ့။" ယောဟန် (၅း ၂၈–၂၉)။ ထိုစီရင်ခြင်း အကြောင်းကို ကျမ်းစာ၌ အောက်ပါကဲ့သို့ ထပ်မံ ဖော်ပြ ထားလေသည်။ တဖန်တုံ၊ ဖြူသော ပလ္လင်ကြီးကို၄င်း၊ ပလ္လင်ပေါ်မှာ ထိုင်တော် မူသော သူကို၄င်း ငါမြင်၏။ ကောင်းကင်နှင့် မြေကြီးသည် မျက်နှာတော်ရှေ့မှ ပြေးလွင့်၍ သူတို့ နေစရာ အရပ်မရှိ။ သေလွန် သောသူ အကြီးအငယ်တို့သည် ပလ္လင်တော်ရှေ့မှာ ရပ်နေ ကြသည်ကို ငါမြင်၏။ စာစောင်များကို ဖွင့်ထား၏။ အသက်စာစောင် တည်းဟူသော အခြားတပါးသော စာစောင် ကိုလည်း ဖွင့်လေ၏။ သေလွန်သောသူတို့ သည် မိမိတို့အကျင့်အတိုင်း၊ စာစောင်တို့၌ ရေးထားချက်များနှင့်အညီ တရား စီရင်ခြင်းကို ခံရကြ၏။ သမုဒ္ဒရာသည် မိမိ၌ရှိသော လူသေတို့ကိုအပ်ပေး၏။ မရဏာနှင့် မရဏာ နိုင်ငံသည်လည်း မိမိတို့၌ရှိသော လူသေတို့ကို အပ်ပေးကြ၏။ လူအသီးသီးတို့သည် မိမိတို့ အကျင့် အတိုင်း တရားစီရင်ခြင်းကို ခံရကြ၏။ ထိုအခါ မရဏာနှင့်မရဏာနိုင်ငံကို မီးအိုင်ထဲသို့ ချပစ်လေ၏။ ထို သေခြင်းကား ဒုတိယ သေခြင်းဖြစ်သတည်း။ အသက်စာစောင်၌ စာရင်းမဝင်သောသူ ရှိသမျှတို့ ကို လည်း မီးအိုင် ထဲသို့ ချပစ်လေ၏။ ဗျာဒိတ်(၂ဝး ၁၁–၁၅)။ အသက်စာစောင်၌ သင့်နာမည် ပါလိုပါသလား။ ဘုရားရှင်အား ရိုးသားစွာ အပြစ်ဝန်ချ တောင်းပန်ပါ။ ခရစ်တော်သည် သင့်အတွက် အပြစ်များကို ခွင့်လွှတ်ရန် အသေခံခဲ့သည်။ သို့သော် ဘုရားရှင်၏ ခွင့်လွှတ်ခြင်း ခံယူရန် ဘုရားသခင်ထံသို့ ဦးပြန်လှည့်၍ ဘုရားသခင် အတွက် တာဝန် ထမ်းဆောင်ရန် လိုပေသည်။ ။ နာမတော်မြတ်၌ *လှမင်းသူ*

---



## သက်သေခံချက် Shining *မြောက်ဒဂုံ*

ရှေးဦးစွာ ဘုရားသခင်ရဲ့ကျေးဇူးတော်ကို အထူး ချီးမွမ်းပါ တယ်။ အခုလို သခင့်စကား စာစောင်မှာ သက်သေခံ ရေးသား ခွင့်ရတဲ့ အတွက် ကျေးဇူးအထူး တင်ပါတယ်။ ကျွန်မ မြန်မာပြည် ကနေ ထွက်လာခဲ့တာ တစ်နှစ်ကျော်သွားပါပြီ။ စင်ကာပူကို လာဖို့ဆုံးဖြတ် လိုက်တဲ့ အချိန်ကစပြီး ဆုတောင်း ဆက်ကပ် တယ်။ အကောင်းဆုံးအိမ်ရှင်နဲ့ ကိုယ် တော်ရှင် အလိုတော်ရှိတဲ့ အလုပ် ကိုဘဲ ပေးပါလို့ ဆုတောင်းခဲ့ပါတယ်။ ဧပြီလမှာ အိမ်ရှင် ရတာမို့ စင်ကာပူ ကို ရောက်လာခဲ့တယ်။ အရင်ဆုံးဆေးစစ်ရတယ်။ ဆေး အဖြေ ဘာလဲ ဆိုတာ မသိရသေးဘူး။ နောက်ပြီး စာမေးပွဲဖြေရတယ်။ အရင်ဆုံး စာမေးပွဲ အတွက် ဆုတောင်းဆက်ကပ်ပြီး ဖြေခဲ့တယ်။ မအောင်ခဲ့ပါဘူး။ နောက် တစ်ရက်မှာ ဒုတိယအကြိမ် ဆက်ဖြေတော့လဲ မအောင်ပါဘူး။ ကျွန်မလို မအောင်တဲ့သူတွေလဲ ရှိတယ်။ သူတို့ တွေ ဝမ်းနည်းပူဆွေး မျက်ရည်ကျနေတာကို ကြည့်ပြီး ကျွန်မ မငိုနိုင်ပါဘူး။ စိတ်ထဲမှာ ကြိတ်မှိတ်ပြီး ဘုရားသခင် ဒီနောက်ဆုံး တစ်ကြိမ်မှ မအောင်ရင် သမီး မြန်မာပြည်ကို ပြန်ရတော့မယ်။ ဒီမှာ အလုပ် လုပ်ခွင့်ပေးမယ်ဆိုရင် နောက်ဆုံးအကြိမ်မှာ စာမေးပွဲအောင်ခွင့်ပေးပါ လို့ ဆုတောင်း ခဲ့ပါတယ်။ ဘုရားသခင် ကျွန်မရဲ့ ဆုတောင်းသံကို နားညောင်းခဲ့ပါတယ်။ စာမေးပွဲကို အောင်မြင်ခွင့် ပေးခဲ့ပါတယ်။ ကျွန်မ အရမ်း အားတက်လာပြီး ဘုရားသခင် ကျွန်မနဲ့ အတူရှိတယ် ဆိုတာ ခံစားရပါတယ်။ အဲဒီနောက် ပွဲစားအိမ်ကို ပို့ ပေးပါတယ်။ နောက်တစ်ရက်မှာတော့ ဆေးမအောင် လို့တဲ့ နောက်တစ်ခါ ဆေးထပ်စစ်ရပါတယ်။ ဘုရားသခင်ရဲ့ ကျေးဇူးတော်ကြောင့် ဆေးလဲအောင်ခဲ့ပါတယ်။ ဘယ်လိုဘဲ အခက်အခဲ ရှိသော်လည်း ဘုရားသခင်ဟာ အရာအားလုံးကို တတ်နိုင်ပြီး အကောင်းဆုံး ဖြေရှင်းပေးခဲ့ပါတယ်။ ပွဲစားအိမ်မှာ နှစ်ပါတ်နေရတဲ့ အချိန်မှာ ကျွန်မက ပွဲစားရဲ့ နောက်လိုက် ညီမလေးကို ကျွန်မ ဘာအလုပ်လုပ်ရမယ်ဆိုတာ မေးမိပါတယ်။ သူက အတိအကျ အဖြေ မပေးခဲ့ပါဘူး။ ဒီကိုလာတာ ဘာအလုပ်ဘဲ ဖြစ်ဖြစ် လုပ်မယ် ဆိုပြီးနေခဲ့ပါတယ်။

အဲဒီနောက် အလုပ်ရှင်အိမ်ကို ရောက်ခဲ့ပါတယ်။ ကျွန်မ လုပ်ရမဲ့ အလုပ်က အသက် ၆ဝကျော် လေဖြတ်ထားတဲ့ အဖွားကို ပြုစုရမယ်ဆိုတာ သိလိုက်ရတဲ့ အချိန်မှာ ကျေးဇူးတော်ကို ချီးမွမ်းမိပါတယ်။ အစပိုင်းမှာ လုပ်ရတာ ဘယ်လိုမှ အဆင်မပြေပါဘူး။ နံနက်တိုင်းမှာ ဘုရားသခင်ဆီက ခွန်အားတောင်းယူပြီး အကောင်းဆုံး လုပ်နိုင်ဖို့ ဆက်ကပ် ချီးမွမ်းခြင်းနဲ့ အတူ ဖြတ်ကျော်ခဲ့ပါတယ်။ ဖလ လောက် ရောက်လာတော့ လုပ်ရတာ အားလုံး အဆင်ပြေသွားပါပြီ။ အိမ်ရှင် သဘော ကောင်းတယ်။ ဘုရားသခင်ရဲ့ အလိုတော်ကြောင့် အဖွားကို ပြုစုခွင့် ရခဲ့ပါတယ်။ တစ်ခါ တစ်လေ စိတ်မရှည်တဲ့ အခါတိုင်းမှာ ဘုရားသခင်က စိတ်ရှည်ခြင်း သည်းခံခြင်း ရှိဖို့ သင်ပေးခဲ့ပါတယ်။ ကျွန်မမှာ နားရက် မရှိဘူး။ ဒါပေမဲ့ ကျွန်မ သူငယ်ချင်းတွေက ဒီ သခင့်စကားစာစောင်ကို ပို့ပေးလို့ ကျွန်မ ဖတ်ရပါတယ်။ အရမ်းလဲ ခွန်အားရတယ်။ ဒီ ဇွန်လ လယ်လောက်မှာ လည်ချောင်းနာပြီး ထမင်းစားလို့ သိပ်မကောင်းဘူး။ နှစ်ပါတ်လောက်ကြာလဲ မပျောက်ဘူး။ စိတ်ထဲမှာ အလုပ် လုပ်ရတာ မပျော်ဘူး။ အိမ်ရှင် သူဌေးမ ကိုပြောပြတော့ ဆေးဝယ်ပေးတယ်။ ကျွန်မလဲ ဆက်ကပ်ဆုတောင်းပြီး သောက် တယ်။ နောက်လေးရက် အကြာမှာ ရောဂါ ပျောက်ကင်းသွားပါတယ်။ ကျွန်မ တို့ရဲ့ အနီးဆုံး နေရာတိုင်းမှာ ဘုရားသခင် ရှိနေပါတယ်။ ဘယ်အခက်အခဲ မဆို ဘုရား သခင် ထံမှာ ကူညီ မစမှုကို ခံယူဖို့ သက်သေခံ လိုက်ပါတယ်။ **Shining**

---

## "သခင်(၂)ဦး"

ချစ်တတ်တဲ့ နှလုံးသား ၊ အမုန်းတရားတွေ ဝေးစေသား
ပြုံးနေတတ်တဲ့ မျက်နှာထား ၊ မဲ့ရွဲ့မှုတွေ ပြေးလို့ ကစား။
စွန့်ကြဲတတ်တဲ့ လက်တစ်စုံ ၊ နောက်သို့လွဲ၍ ငြင်းတယ် အကုန်
Church သို့လှမ်းမည့် ခြေလှမ်းများ ၊ စာတန်သခင် သုတ်ချီသွား
မကောင်းမှုလမ်းပေါ်က ဒို့လူသား ၊ ငရဲ ဆိုတာ "ချို" နဲ့လား။
အမုန်းတွေပြုန်း အချစ်တတ်ဆုံး ၊ မဲ့ရွံ့မျက်နှာ ပြုံးဝေဆာ
နောက်၌ ဖွက်သည့် လက်တစ်စုံ ၊ လိုတာ ယူပါ ပေးမယ် အကုန်
ငရဲ လမ်းပေါ်က ခရီးသွား ၊ ယေရှုသခင် ကယ်နှုတ်သွား။ ချီးမွမ်းနေမည် ထာဝစဉ် ၊
လွတ်မြောက်သွားတဲ့ အသက်ဝိညာဉ်၊ ဟာလေလုယာ အာမင်။

---

## သူ့ ထံပေးစာ *မလေး (ဂျူလိုင်)* ရှောလမုန်သီချင်း ၁း၇

ကျွန်မ သူ့ကို အမြဲ သတိရတမ်းတမိတယ်။ သူဟာ ကျွန်မကို ကမ္ဘာပေါ်မှာ နားအလည်နိုင်ဆုံး သူတစ်ယောက်။ ကျွန်မရဲ့ ဒုက္ခဝေဒနာတွေကိုလဲ ဝေမျှ ခံစားပေးတယ်။ တစ်ခါတစ်ရံ ကျွန်မ စိတ်ကောက်ပြီး မခေါ် မပြောခဲ့ရင် ညင်သာတဲ့ စကားများနဲ့ နားဝင်အောင် ဆွဲခေါ်ခဲ့တယ်။ ကျွန်မ လိုချင်တဲ့ အရာကို တောင်းခဲ့ရင် ဘယ်တော့မှ မငြင်းခဲ့ဘူး။ သူ တတ်စွမ်းသလောက် ပေးခဲ့တယ်။ ပေးနိုင်စွမ်းရှိတဲ့ အရာမှန်သမျှ ကျွန်မ အတွက် ဘဲလေ။ ကျွန်မ သိပ်ချစ်တာပေါ့။ သူ့လောက်ကောင်းတာတောင် သူ့ထက်ကောင်းမယ် မထင်ဘူး။ ကျွန်မ အတွက် သူ အရာရာ စွန့်လွှတ်ရဲတယ်။ ကျွန်မ အတွက်ဆို ရှေ့တန်း တိုက်စစ်မှူးလို ကာကွယ် ပေးတယ်။ တစ်ခါတစ်ရံ ကျွန်မ ဂျစ်ကန်ကန် မိုက်ကန်းကန်း တဇောက်ကန်း လုပ်ချင်တာ လုပ်ခဲ့ရင်တောင် သူ့အပြုံး သူ့မေတ္တာနဲ့ ခွင့်လွှတ်ပေးခဲ့တယ်။ သူ့အချစ် သူ့မေတ္တာကို ကျွန်မ ပြန်ပေးချင်တယ်။ ဒါပေမဲ့ ကျွန်မ ပေးတဲ့ အချစ်နဲ့ မေတ္တာက သူ့မေတ္တာကို လိုက်မမီဘူးလေ။ သူပေးတဲ့ မေတ္တာက အဂ္ဂါပေ မေတ္တာ တုနှိုင်း မရှိ။ သြော် ချစ်တဲ့ သူရယ်၊ ပေးနိုင်စွမ်း ရှိသလောက် ကျွန်မ ဖြူစင်ရိုးသားစွာနဲ့ တုံ့ပြန်တဲ့ မေတ္တာကို လက်ခံလိုက်ပါနော်။ "သူ" ဆိုတာက ချစ်တဲ့ ကျွန်မရဲ့ သခင်ယေရှု။

---

## အရှုံးပေးခြင်း *စသာဆိုန် (ပုသိမ်)*

ရှင်သန်လှုပ်ရှား ခရီးသွားညှေ့သည်၊ အတွေးပင်လယ် ရေပြင်မှာမျော
မောများမောနေသလား။ လမ်းမှားလို့ လှည့်ပြန် သခင့်ခေါ်သံ သင်ကြားရဲ့လား။
ဝေဝါးနေတဲ့ မြှော်လင့်ချက် ထွေပြားနေတဲ့ ခံစားချက်တွေ၊ လိုလားမှုတွေ မပြည့်နိုင်
အားနဲလို့ယိုင်၊ ခံနိုင်ရည်တွေ ပြိုလဲ လွဲပြီရင်းလဲ လွဲ၊ ကြေကွဲရင်းနဲ့ဘဲ။
အားခဲထားသမျှ အတ္တ လုံးဝ လုံးဝ သုံးမရ။ နောက်ဆုံးကျ နွမ်းလျ။ ဝန်ထုတ်များ ချ
သခင့်ရှေ့မှောက် ဒူးထောက်လိုက်ရပါတယ်။ ။




ကာတွန်း – မင်းအောင်သက်လွင်

Min Aung Thet Lwin, Blk 76A #30-02, Red hill road, Singapore 151076
thelordword@gmail.com ( HP (65) 81222320 )

မင်း အောင် သက် လွင် စီ စဉ် ထုတ် ဝေ သည်



*သခင့်စကား ဝိညာဉ်ရေးရာစာစောင်။ အမှတ်စဉ် ၉၉၊ ဇူလိုင်လ ၂၀၀၉ ခုနှစ်။ စင်ကာပူနိုင်ငံရှိ မြန်မာတိုင်းရင်းသား ခရစ်ယာန်စာပေဝါသနာရှင်များ ဝိုင်းဝန်းရေးသားပြီး၊ မြန်မာအသင်းတော်များအတွင်း အခမဲ့ ဖြန့်ချိရန် ကန့်သတ် ထုတ်ဝေသည်။ (စက်တင်ဘာလ ၂၀၀၁ ခုနှစ်တွင် စတင်တည်ထောင်သည်)*